ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (25-7-2006) (၅၀၂၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရတနာပုံမြို့သစ်ကို အကွက်ကျကျ စိမ်းလန်းစိုပြည်သာယာသည့် တောင်ပေါ်ဆိုက်ဘာမြို့အဖြစ် တည်ဆောက် မြို့သစ်၏ အိုင်စီတီစီးပွားရေးလုပ်ငန်းများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလာရန်ဖိတ်ခေါ်

နောင်၌ ပြည်တွင်းပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိအောင် ကြိုးစားစီမံဆောင်ရွက်ပေးရန် လိုအပ်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် Teleport နှင့် Incubation အဆောက်အအုံများတည်ဆောက်မည့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် စီမံကိန်းအဆောက်အအုံနေရာများကို ယမန်နေ့နံနက် ၉ နာရီတွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရတနာမြို့သစ် မြို့ကွက်မြေပုံနှင့် Teleport အဆောက်အအုံများ ဆောက်လုပ်ရန် ရွေးချယ်ထားသည့် နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများအား ရတနာပုံမြို့သစ်စီမံကိန်း ယာယီရှင်းလင်းဆောင်၌ ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ကြေးမုံ ဆောင်းပါး အညွှန်း

☆ **"လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်း အကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူ ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ အနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရပြီဆိုသည့် မိမိတို့၏ ပကတိအခြေအနေမှန်ကို နားလည်သိရှိသင့်သည့် အချိန်အခါရောက်ရှိနေပြီဖြစ်"**

ရတနာစည်ဆရာတော်(လွိုင်လင်)၏ **"အလင်းစခန်းနဲ့ အလင်းလမ်း(၁)"** (ဆောင်းပါး) စာမျက်နှာ–၈/၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅–၇–၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသခံတိုင်းရင်းသားပြည်သူတို့ လူမှုစီးပွားဘဝ မြှင့်တင်ပေးမည့်လမ်းများ

ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက် လာစေရန် စီမံကိန်းများ ချမှတ်လုပ်ဆောင်လျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန် လာစေရန် လမ်း၊ တံတားများစွာတို့ကို တိုးချဲ့ဖောက်လုပ် တည်ဆောက် ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ် ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် လမ်းမိုင်ပေါင်း တစ်သောင်းသုံးထောင် ကျော်ရှိခဲ့ရာမှ ယခုအခါ တစ်သောင်းကိုးထောင်ကျော်အထိ တိုးတက် လာပြီဖြစ်သည်။ ချင်းပြည်နယ်ကဲ့သို့ ပေ ၅၀၀၀ အထက် မြင့်မားသော တောင်တန်းများရှိရာဒေသတွင်ပင် လမ်းမိုင်ပေါင်း တစ်ထောင်ကျော် အထိ ဖောက်လုပ်ထားပြီးဖြစ်သည်။

ချင်းပြည်နယ်အတွင်း ဆက်သွယ်သွားလာရေးအတွက် ဟားခါး–ဂန့်ဂေါလမ်း၊ ဟားခါး–မတူပီလမ်း၊ ကလေး–ဖလမ်း–ဟားခါးလမ်းနှင့် မင်းတပ်–မတူပီလမ်းမကြီး လေးသွယ်ကို အဓိကအသုံးပြုလျက်ရှိရာ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့နှင့် ဆက်စပ်လျက်ရှိသည်။ အဆိုပါ လမ်းမကြီးများဖြင့် ဆက်သွယ်သွားလာရာတွင် ပိုမိုချောမွေ့ ကောင်းမွန် ရေးအတွက် မြေလမ်းမှသည် အမာခံလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိသည်။

မင်းတပ်–မတူပီလမ်းမကြီးကို ၁၉၅၅ ခုနှစ်က စတင်ဖောက်လုပ် ခဲ့ရာ ၁၉၈၈ ခုနှစ်မတိုင်မီအထိ လမ်းအကျယ် ၁၆ ပေခန့် သာရှိသော မြေလမ်းဖြစ်၍ ပွင့်လင်းရာသီတွင်သာ သွားလာနိုင်ခဲ့ကြသည်။ အဆိုပါ လမ်းအား လမ်းတာချဲ့ခြင်း၊ အမာခံကျောက်လမ်းခင်းခြင်းများကို နှစ်အလိုက် အပိုင်းအလိုက်ဆောင်ရွက်ခဲ့ရသည်။ ယခုအခါ မင်းတပ်–မတူပီလမ်းအရှည် ၁၀၂ မိုင်ကို ကတ္တရာခင်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီ ဖြစ်ရာ ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

မင်းတပ်–မတူပီ ကတ္တရာလမ်းသည် ချင်းပြည်နယ် မင်းတပ်မြို့နှင့် မတူပီမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး မတူပီမြို့၏ အဓိက ထွက်ပေါက်ဖြစ်သည်။ ထို့အပြင် အဆိုပါ လမ်းမကြီးနှင့် ဆက်စပ်နေ သည့် မင်းတပ်–ကျောက်ထု–ပေါက်လမ်းကိုပါ အဆင့်မြှင့်တင်ပေးထား ပြီးဖြစ်ရာ ချင်းပြည်နယ် မင်းတပ်မြို့နှင့် မကွေးတိုင်း ပခုက္ကူမြို့တို့သည် အနေနီးသကဲ့သို့ ခရီးလည်းနီးကာ နေ့ဝက်ခရီးဖြင့် ဆက်သွယ်သွားလာ နိုင်ကြပြီဖြစ်သည်။

ယခင်က မင်းတပ်နှင့် မတူပီအကြား ငါးရက်နီးပါး သွားခဲ့ရာမှ ယခုအခါ ခြောက်နာရီခန့်ဖြင့် နေ့ချင်းပေါက် ကူးသန်းသွားလာ နိုင်ကြပြီဖြစ်သည်။ အဆိုပါ ကတ္တရာလမ်းမကြီးသည် မြို့နယ်နှစ်ခုမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဆင့်မြင့်မားမှုတို့ကို အထောက်အကူပြုလျက် ရှိသကဲ့သို့ ချင်းပြည်နယ် တစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးပြုလျက်ရှိနေပြီဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ယုဇနတာဝါနေ ဦးသစ်ဆန်း ဒေါ်သန်းရွှေမိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တံခွန်စိုက်ဒိုင်းဆု

၂၀၀၆ ခုနှစ် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့ကြသော ရန်ကုန်တိုင်းကိုယ်စားပြု အားကစားအသင်း ခုနစ်သင်းနှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်နှင့် စစ်ရေးပြပြိုင်ပွဲ၌ ဆုရကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း တံခွန်စိုက်ဒိုင်းဆုကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းကိုယ်စားပြု အားကစားအသင်းများနှင့် ဆုရကြက်ခြေနီ မောင်မယ်များအား ဂုဏ်ပြုပွဲ တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၆ခုနှစ် ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ကြသော ရန်ကုန်တိုင်းကိုယ်စားပြု အားကစားအသင်းခုနစ်သင်းနှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်နှင့် စစ်ရေးပြပြိုင်ပွဲ၌ ဆုရကြက်ခြေနီ မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ နာယက ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းမှ အောင်ပွဲရ အားကစားအသင်းများ ဖြစ်ကြသော ခြင်းလုံး(အမျိုးသား၊အမျိုးသမီး)အသင်း၊ အသက် ၁၃ နှစ်အောက် (အမျိုးသား) ဘောလုံးအသင်း၊ အသက် ၁၈နှစ် အောက် (အမျိုးသား၊ အမျိုးသမီး) ဘတ်စကက်ဘောအသင်း၊ ကရာတေး ဒို(အမျိုးသား)အသင်း၊ လက်ဝှေ့ အသင်း၊ တိုက်ကွမ်ဒို(အမျိုးသား) အသင်း၊ အမျိုးသမီးဘောလုံးအသင်း နှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်နှင့် စစ်ရေးပြပြိုင်ပွဲ၌ သူနာပြုစွမ်းရည် တံခွန်စိုက်ဒိုင်းဆုနှင့် စစ်ရေးပြ တံခွန်စိုက်အလံများ ရရှိခဲ့သော ရန်ကုန်တိုင်း ကြက်ခြေနီအသင်းတို့က တံခွန်စိုက်ဒိုင်းဆု၊ ဆုဖလားနှင့် တံခွန် စိုက်အလံများကို အပ်နှံကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးအားကစား အဖွဲ့ နာယက ဒေါ်မာမာဝေတို့က လက်ခံကြပြီး ဂုဏ်ပြုဆုငွေများကို ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

တိုင်းဂုဏ်ဆောင်

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်အတွက် အားကိုး အားထားပြုရမည့် ထူးချွန်ထက်မြက် သော လူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးနှင့် စုစည်းခိုင်မာ သော အမျိုးသားရေးစွမ်းအားစုများ တိုးတက်ဖြစ်ထွန်းရေးအတွက် အဘက် ဘက်က ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ အားကစားကဏ္ဍမြင့်မား တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲများ၌ ရန်ကုန် တိုင်းအနေဖြင့် နှစ်စဉ်အောင်မြင်မှုများ ရရှိခဲ့ရာ ယခုနှစ်တွင်လည်း ယနေ့အထိ တံခွန်စိုက်ဒိုင်းဆုကြီး ၁၄ ခု ရရှိပြီး ဖြစ်ကြောင်း၊ တိုင်းဂုဏ်ဆောင် ကြက်ခြေနီမောင်မယ်များ အနေဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ရုံသာမက အားကစားနှင့် စစ်ရေးပြပြိုင်ပွဲများတွင်လည်း ယခုကဲ့သို့ အောင်မြင်မှုများ ရရှိအောင်ဆက်လက် ကြိုးစားကြစေလိုကြောင်းနှင့် တိုင်း ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော အားကစားသမားများနှင့် ကြက်ခြေနီ မောင်မယ်များအနေဖြင့် ရရှိပြီး အောင်မြင်မှု အစဉ်အလာကောင်းများ ကို ဆက်လက်ထိန်းသိမ်းခြင်းဖြင့် ထူးချွန်အားကစားသမားများနှင့် ထူးချွန် ကြက်ခြေနီမောင်မယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြား သည်။

ဂုဏ်ပြု

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က အောင်ပွဲရ အားကစားသမားများ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် ဧည့်သည်များအား ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းအာယုဒါနအလှူ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကင်းပြည်သာယာ(တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်းရှိ ကုသိုလ်ဖြစ်ဆေးခန်းသို့ လှူဒါန်းလျက် ရှိရာ ကျပ်တစ်သောင်းနှင့်အထက် အလှူရှင်များအဖြစ် ကန်တော်ကလေး ၉၁ လမ်းမှ ဦးကျော်လှိုင်–ဒေါ်ဝင်းမြင့် သန်း၊ သုမင်္ဂလာအိမ်ရာမှ ဦးကောင်း မြင့်–ဒေါ်ခင်သူဇာအောင်၊ ကျောက် တံတားမြို့နယ် ၃၈ လမ်းမှ ကိုကျော် နန္ဒာမောင်–မမေဖုလှိုင်ကော် (ဟံသာ အေးဆေးတိုက်မိသားစု)၊ သန်လျင်မြို့ အောင်မင်္ဂလာရပ် ဦးလှိုင်မြင့်–ဒေါ်မြမြ၊ ဒဂုံတောင် ၁၈/E ရပ်ကွက် ကိုမျိုးမင်း အောင် မွေးနေ့အလှူ၊ ရန်ကင်းသာယာ ရွှေပြည်အိမ်ရာ ဦးမင်းမင်းအောင်– ဒေါ်ပပသင်း၊ သာယာရွှေပြည်အိမ်ရာ ဟိန်းဆောက်လုပ်ရေးမိခင် ဒေါ်စိန်စိန် ရည်စူး၍ သား ဦးစိုးပိုင်ကျောက်မြောင်း၊ ကျောက်တောလမ်း ဒေါ်ဂင်စိန်၊ ဒေါ်ဌေးစိန်၊ ဦးစိန်ဝင်း မောင်နှမများ၊ ဘောက်ထော်ပြည်သာယာ ဒေါ်နန်း ဟွမ်ခမ်း၊ သဃ်န်းကျွန်း ဃ ရပ်ကွက် ဦးသန့်ဇော်မင်း–ဒေါ်ခင်မြတ်ထွေး၊ တောင်ဥက္ကလာပ ၄ ရပ်ကွက် သုမင်္ဂလာ လမ်း ဦးကျော်သီဟ၊ ဒေါ်ခင်မြတ်သူ မိသားစုတို့က လှူဒါန်းကြသည်။ ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅–၇–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။ မျိုးချစ်တပ်မတော်
၇း၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။ မျိုးချစ်တပ်မတော်
၅း၂၅	၇။ ပညာခေတ်
၅း၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း–၄၉)**
၈း၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ သြဝါဒကောင်းမွန် ကောင်းကျိုးညွှန်
	၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြိုင်ဟောဝန်က သိုင်းလုလင် (ဒုတိယတွဲ) (အပိုင်း–၁၀)**
	၁၉။ သင့်အတွက်မနက်ဖြန်
	၂၀။ အပိတ်နှုတ်ဆက်စကား
	၂၁။ ပြီးပါပြီ။

Teleport အဆောက်အအုံ၊ Incubation အဆောက်အအုံများ အကွက်ကျကျဆောက်ရန် စီစဉ်နေ
မြို့သစ်စီမံကိန်းအတွက် ရေ၊ လျှပ်စစ်မီး၊ လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

✻ ရှေ့ဖုံးမှ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းတင်ပြရာ၌ ရတနာပုံမြို့သစ်၏ အကျယ်အဝန်းမှာ ဧက ၁၀၀၀၀ ခန့်ရှိကြောင်း၊ ယင်းမြေနေရာများ၌ Teleport အဆောက်အအုံ၊ Incubation အဆောက်အအုံများကို အကွက်ကျကျဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမအဆင့်တွင် စီမံကိန်းတစ်ခုလုံးအတွက် အရေးအကြီးဆုံးဖြစ်သည့် Teleport အဆောက်အအုံ စတင်ဆောက်လုပ်နိုင်ရန် ပြီးခဲ့သည့် ဇွန် ၃၀ ရက်တွင် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

မြို့သစ်စီမံကိန်းအတွက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ရရှိရေးကိစ္စများကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရတနာပုံမြို့သစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တောင်ပေါ်ဆီလီကွန်မြို့

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရတနာပုံမြို့သစ်ကို အကွက်ကျကျစိမ်းလန်းစိုပြည်သာယာသည့် တောင်ပေါ် Silicon မြို့အဖြစ် တည်ဆောက်ထူထောင် သွားရမှာဖြစ်ကြောင်း။

မြို့သစ်၏ အိုင်စီတီစီးပွားရေးလုပ်ငန်းများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပါဝင်လာရန် ဖိတ်ခေါ်အားပေးသွားရမှာဖြစ်သကဲ့သို့ နောင်၌ ပြည်တွင်းပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိအောင်လည်း ကြိုးစားစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရတနာပုံမြို့သစ် မြို့ကွက်မြေပုံနှင့် Teleport အဆောက်အအုံ၊ Incubation အဆောက်အအုံ ပုံစံငယ်ကားချပ်များကိုလည်းကောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရန် ရွေးချယ်ထားသည့် နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် စီမံကိန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရတနာပုံမြို့သစ် စီမံကိန်းနှင့်စပ်လျဉ်း၍ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၄

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၂ ရက်က ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး(ခ)ဖိုးသောကြာက ဝါဆိုသင်္ကန်းကပ်လှူခြင်းအကြောင်း လျှောက်ထားတင်ပြသည်။ ထို့နောက် ညောင်တုန်းဇာတိ ပဓာနနာယက ဆရာတော်ကြီး ၁၇ ပါးအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်ပူဇော်ကြသည်။ (က-ပ)

ကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူ စေတီတော်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပရာ ဓမ္မဇောတိ ဝိပဿနာ ရိပ်သာဂေါပကအဖွဲ့နာယက ဦးကြည်ညွန့်နှင့် ဥက္ကဋ္ဌ ဦးဥက္ကါတို့ထံ (၆၉) နှစ်ပြည့် မွေးနေ့အလှူရှင် ဒေါ်အုန်းကြည်**(ယာပုံ)** (အမှတ် ၁၅၊ ကျောင်းလမ်း စမ်းချောင်းမြို့နယ်)က အလှူငွေ ကျပ်တစ်သိန်းငါးသောင်း၊ ဦးမြသန်း-ဒေါ်မြမြမိသားစု (လမ်း၅၀ ဗိုလ်တထောင်မြို့နယ်)က အလှူငွေ ကျပ်တစ်သိန်းတစ်သောင်း၊ ဒေါ်စောရီ (သက္ကနိမ္မိတာရုံ စာသင်တိုက်၊ ကြားတောရလမ်း ဗဟန်းမြို့နယ်)က အလှူငွေကျပ် တစ်သိန်း၊ ဒေါ်ခင်လှမြင့်မိသားစု (ဝင်္ကပါရိပ်သာ ဗဟန်းမြို့နယ်)က အမေရိကန်ဒေါ်လာ ၁၀၀၊ ဒေါ်ကြည်ကြည်မိသားစု (အင်းလျားလမ်း၊ ဗဟန်းမြို့နယ်)က အလှူငွေ ကျပ်ငါးသောင်း၊ ဒေါက်တာ ခင်ဥမ္မာစံ (အင်းလျားလမ်း ဗဟန်းမြို့နယ်)က အလှူငွေကျပ်တစ်သိန်း၊ ဒေါက်တာဦးလှဝေ၊ဒေါ်နုနုမြင့် မိသားစု(အေဝမ်းခြံ ပြည်လမ်း မရမ်းကုန်းမြို့နယ်)က အလှူငွေကျပ်တစ်သိန်း၊ ဒေါ်ခင်လေးညွန့်မိသားစု (မအူကုန်းလမ်း တာမွေမြို့နယ်)က အလှူငွေကျပ်တစ်သိန်း၊ ဒေါ်ခင်နှင်းဇော် မိသားစု (၁၅၃ လမ်း၊ တာမွေမြို့နယ်)က အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းနှစ်ထောင်၊ ဆရာအာသာနှင့် ဇနီးမိသားစုတို့က အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်တွင် အထည်ချုပ်စက်ရုံများတည်ထောင်ရန် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စား

ဟန္နိုင်း ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံ၌ အထည်ချုပ်စက်ရုံများ တည်ထောင်ရန် ထိုင်းနိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ်စက်ရုံလုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိသည်ကို တွေ့ရကြောင်း ဗီယက်နမ်နယူးစ်နေ့စဉ် သတင်းစာက ဇူလိုင် ၂၂ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ် နိုင်ငံသည် မကြာမီအချိန်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခွင့်ရရှိရန် အလားအလာရှိခြင်းနှင့် ဗီယက်နမ်နိုင်ငံ၌ အလုပ်သမားစရိတ် သက်သာခြင်းစသည့် အခြေအနေများသည် ထိုင်းလုပ်ငန်းရှင်များအတွက် မျက်စိကျစရာဖြစ်သည်။ ဗီယက်နမ်နိုင်ငံမှတစ်ဆင့် ထိုင်းချုပ်အထည်များကို ပြည်ပဈေးကွက်သို့တင်ပို့ရန်အခွင့်အလမ်းများ ရရှိနိုင်လိမ့်မည်ဟု ထိုင်းလုပ်ငန်းရှင်များက မှန်းဆထားကြသည်။ လက်ရှိအခြေအနေ၌ပင် ဗီယက်နမ်နိုင်ငံ၌ ထိုင်းအထည်ချုပ် စက်ရုံအချို့တည်ထောင်ထားကြပြီးဖြစ်သည်။ အထည်ချုပ်စက်ရုံသစ်များ တည်ထောင်သွားရန် ထိုင်းအထည်ချုပ် စက်ရုံအုပ်စုက စီမံစိုင်းပြင်းလျက်ရှိသည်။ ဗီယက်နမ်တွင် လုပ်အားခဈေးနှုန်းသည် ထိုင်းနိုင်ငံမှာထက် ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ပိုမိုသက်သာသည်ဟု ထိုင်းနိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ်စက်ရုံအသင်း၏ ဒုတိယဥက္ကဋ္ဌ ရှိဆူတိုကီကူဆိုးလ်က ပြောကြားသည်။

ကိန်းဂဏန်းများ

ထိုင်းနိုင်ငံတွင် အထည်ချုပ်စက်ရုံ လုပ်သားပေါင်း ၁ဒသမ၂သန်းရှိသည်။ နှစ်စဉ် ပြည်ပသို့ အသင့်ချုပ်ပြီးအထည်များ ရောင်းချရာမှ အမေရိကန်ဒေါ်လာ ၃ဒသမ၂ဘီလီယံကျော် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ချုပ်ထည် ပို့ကုန်လုပ်ငန်းမှ ယခုနှစ် ပထမခြောက်လမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ဒသမ၇ဘီလီယံရရှိသည်။ ယခင်နှစ် အလားတူ ကာလကထက် ၃ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုရရှိလာခြင်း ဖြစ်ကြောင်း ဗီယက်နမ်စာရင်းအင်းဌာန၏ ကိန်းဂဏန်းများက ဖော်ပြသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိဇူမိအရပ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် လမ်းမပေါ် ရေလျှံနေသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဲလ်အင်ကော်ပိုရိတ်တက် ဂျပန်ဈေးကွက်သို့ ဝင်ရောက်မည်

တိုကျို ဇူလိုင် ၂၃

ကမ္ဘာပေါ်တွင် ပီစီကွန်ပျူတာ ထုတ်လုပ်သော ထိပ်တန်းကုမ္ပဏီဖြစ်သည့် ဒဲလ်အင်ကော်ပိုရိတ်တက်သည် ဂျပန် နိုင်ငံ၏ ရုံးသုံးကာလာပရင်တာ ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်တော့မည်ဖြစ်ကြောင်း ဇူလိုင် ၂၂ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ ရုံးသုံးကာလာပရင်တာ ဈေးကွက်အတွင်းသို့ ဒဲလ်ကုမ္ပဏီ ဝင်ရောက်လာခြင်းဖြင့် ဂျပန်နိုင်ငံရှိ ပြိုင်ဘက် ကုမ္ပဏီများဖြစ်သော ကင်နွန်ကုမ္ပဏီနှင့် ဆီကိုအက်ပ်ဆင် ကုမ္ပဏီတို့ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည်။ ဖော်ပြပါ ဂျပန်ကုမ္ပဏီများသည် ၎င်းတို့၏ အမြတ်ဝင်ငွေ အဓိကရရှိသော ရုံးသုံးကာလာပရင်တာ ထုတ်လုပ်သည့် လုပ်ငန်းကို မှီခိုအားထားနေရသည်။

အင်တာနက်။

အဲဘတ်စ်လေယာဉ်များ စင်ကာပူလေကြောင်းမှ ဝယ်ယူမည်

စင်ကာပူ ဇူလိုင် ၂၃

စင်ကာပူလေကြောင်းဌာနသည် ဥရောပလေယာဉ်ထုတ်လုပ်ရေး အုပ်စုဖြစ်သော အဲဘတ်စ်ထံမှ အေ-၃၈၀ အမျိုးအစား ခရီးသည်တင်လေယာဉ် ကိုးစင်းထပ်မံဝယ်ယူရန် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အဆိုပါလေကြောင်းဌာနက ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။ စင်ကာပူလေကြောင်းဌာနသည် စူပါဂျမ်ဘို ဂျက်လေယာဉ်များကို ဝယ်ယူရန်သဘောတူညီခဲ့သည်။အဆိုပါလေယာဉ်များသည် နှစ်ထပ်လေယာဉ်များဖြစ်သည်။ သဘောတူညီချက်အရ စင်ကာပူလေကြောင်းဌာနသည်ဒေါ်လာ၇ဒသမ၅ဘီလီယံတန်ဖိုးရှိလေယာဉ်သစ်များကိုရရှိမည်ဖြစ်သည်။ ***အင်တာနက်။***

စင်ကာပူနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် လေ့ကျင့်နေသည်ကို ဇူလိုင်၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျဆန် တောင်ကိုရီးယားသို့ ရောင်းချမည်

ကင်ဘာရာ ဇူလိုင် ၂၃

ဩစတြေးလျနိုင်ငံက ထုတ်လုပ်သော ဆန်ကို တောင်ကိုရီးယားသို့ တင်ပို့ရောင်းချခွင့် ရရှိပြီဖြစ်ကြောင်း ဩစတြေးလျ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၁ရက်တွင် ပြောကြားသည်။

ပေါ်ထွက်လာ

လပေါင်း အတန်ကြာမျှ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆန်အရောင်းအဝယ်ပြုလုပ်ရေးဆိုင်ရာ သဘောတူ ညီချက်တစ်ရပ် ပေါ်ထွက်လာခြင်းဖြစ်သည်။

အထောက်အကူ

ကမ္ဘာပေါ်တွင် ဆန်စားသုံးမှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် လာမည့် ဆယ်စုနှစ် ကာလအတွင်း နှစ်စဉ် ဩစတြေးလျ ဆန်လုံးညို တန်ချိန် ၁၀၀၀၀အထိ ဝယ်ယူရန် သဘောတူညီထားသည်။ တောင်ကိုရီးယားဈေးကွက်သို့ ကာလရှည် ထိုးဖောက်ဝင်ရောက်နိုင်ရန် ယင်းသဘောတူညီချက်က အထောက်အကူပေးမည်ဖြစ်သည်။

ဈေးနှုန်း

ဆန်အရောင်းအဝယ် ပြုလုပ်ရေး သဘောတူညီချက်ကို ရရှိသော်လည်း မည်သည့် ဈေးနှုန်းသတ်မှတ်ချက်ဖြင့် ဝယ်ယူရမည်ကို အတိအကျဖော်ပြခြင်းမရှိပေ။

အင်တာနက်။

အာဂျင်တီးနားနှင့် ဗင်နီဇွဲလား ရေနံပူးတွဲရှာဖွေမည်

ကော်ဒိုဘာ (အာဂျင်တီးနား) ဇူလိုင် ၂၃

အာဂျင်တီးနားနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ဗင်နီဇွဲလားနိုင်ငံတောင်ပိုင်း၌ ရေနံစိမ်း ပူးတွဲရှာဖွေဖော်ထုတ်ရန် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီမှုတစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါသဘောတူညီမှုကို ဗင်နီဇွဲလားနိုင်ငံပိုင် ပီဒီဗွီအက်စ်အေ စွမ်းအင်ကုမ္ပဏီ၏ အကြီးအကဲလည်းဖြစ်သူ စွမ်းအင်ဝန်ကြီး ရာဖယ်လ်ရာ မီရက်ဇ်နှင့် အာဂျင်တီးနားနိုင်ငံ စီမံကိန်းဝန်ကြီး ဂျူလီယိုဒီဗီဒိုတို့က အာဂျင်တီးနားနိုင်ငံ ကော်ဒိုဘာမြို့တွင် လက်မှတ်ရေးထိုးကြသည်။

ဗင်နီဇွဲလားနိုင်ငံပိုင် ပီဒီဗွီအက်စ်အေကုမ္ပဏီနှင့် အာဂျင်တီးနားနိုင်ငံပိုင် ယူအာဆာ ကုမ္ပဏီတို့က ရေနံသိုက်များ ရှာဖွေဖော်ထုတ်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါနိုင်ငံသားများအား လက်ဘနွန်မှ ကယ်ထုတ်နိုင်ရေး အိန္ဒိယကို အကူအညီတောင်းခံ

ခတ္တမန္ဒူ ဇူလိုင် ၂၃

လက်ဘနွန်နိုင်ငံတွင် သောင်တင်နေသည့် နီပေါလူမျိုးများကို ကယ်ထုတ်ပေးနိုင်ရေးအတွက် အိန္ဒိယ အစိုးရက အကူအညီပေးရန် နီပေါအစိုးရက စနေနေ့တွင် မေတ္တာရပ်ခံလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ဘနွန်နိုင်ငံရောက် နီပေါအလုပ်သမားများကို ကယ်ထုတ်ပေးနိုင်ရေးအတွက် အိန္ဒိယအစိုးရက ကူညီရန် နီပေါဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ခက်ဒဂါရာဆာအိုလီက ပန်ကြားလိုက်သည်။

တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် လက်ဘနွန်နိုင်ငံရှိ နီပေါနိုင်ငံသားများသည် နီပေါသံရုံးနှင့် အဆက်အသွယ်ပြုလုပ်ကြရန်နီပေါအစိုးရအဖွဲ့ကတိုက်တွန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ဖူးကျင့်ပြည်နယ်တွင် တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ပျက်စီးသွားသော အဆောက်အအုံအချို့ကို ဇူလိုင် ၂၀ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါရာဂွေး၌ ဆေးခြောက်များဖမ်းမိ

ဇျူနိုအေရီးစ် ဇူလိုင် ၂၃

ပါရာဂွေးနိုင်ငံ ရဲတပ်ဖွဲ့သည် သောကြာနေ့တွင် နိုင်ငံတောင်ပိုင်းရှိ စီဒတ်ဒယ်လ်အက်စ်တီမြို့၌ ဆေးခြောက် လေးတန်နီးပါးကို သိမ်းဆည်းလိုက်ပြီး မူးယစ်ဆေးဝါးမှောင်ခိုသမားများအဖြစ် မသင်္ကာသူဘရာဇီးနိုင်ငံသားကိုးဦးကိုလည်း ဖမ်းဆီးလိုက်သည်။

ဆေးခြောက် ကီလို ၃၉၆၀ ကို ကုန်တင်မော်တော်ယာဉ် တစ်စီးနှင့် အလုံပိတ် မော်တော်ယာဉ် တစ်စီးပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းဆေးခြောက်များကို ဘရာဇီးနိုင်ငံ စာပေါလိုမြို့သို့ မူးယစ်ဆေးဝါးမှောင်ခိုသမားများက သယ်ယူစဉ် သိမ်းဆည်းခံရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ရမှုကို သတိမူစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဂရင်းပိစ်အဖွဲ့က ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်တွင် ဇူလိုင် ၂၁ရက်က ဆန္ဒပြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခရီးသည်များနားနေဆောင် သုဝဏ္ဏဘူမိလေဆိပ်၌ တည်ဆောက်မည်

ဗန်ကောက် ဇူလိုင် ၂၃

ထိုင်းနိုင်ငံ၏ နိုင်ငံတကာလေဆိပ်သစ်ဖြစ်သော သုဝဏ္ဏဘူမိလေဆိပ်တွင် လေယာဉ်ခရီးချိုချိုဖြင့် ပြေးဆွဲပေးသော လေကြောင်းဌာနများမှ ခရီးသည်တင် လေယာဉ်များ ဆိုက်ကပ်ရပ်နားနိုင်ရန် ခရီးသည်များ နားနေဆောင် အဆောက်အအုံသစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း လေဆိပ်အာဏာပိုင်များက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

လက်မှတ်ခ ဈေးချိုစွာဖြင့် ပြေးဆွဲပေးသော လေကြောင်းဌာနငယ်များ၏ လေယာဉ်များကို စီးနင်းသည့် ခရီးသည်များအတွက် ခရီးသည်များ နားနေဆောင် အဆောက်အအုံ တည်ဆောက်ရာတွင် ဘတ်ငွေ သန်း ၆၀၀ (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ သန်း) ကျခံသုံးစွဲရမည်ဖြစ်သည်။

အဆိုပါ ခရီးသည်များ နားနေဆောင် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းကို တည်ဆောက်ရန် ခွင့်ပြုချက်ရရှိအပြီး ၁၆ လအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

လက်ဘနွန်နိုင်ငံအတွက် ကယ်ဆယ်ရေးပစ္စည်းများ ရုရှားထောက်ပံ့မည်

မော်စကို ဇူလိုင် ၂၃

ရုရှားနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆိုက်ပရပ်စ်မှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း နိုင်ငံခြားရေး ဒုတိယဝန်ကြီး အလက်ဇန္ဒားယူကိုဗန်ကိုက စနေနေ့တွင် ပြောကြားသည်။

ရုရှားအရေးပေါ် အခြေအနေဆိုင်ရာ ရေးရာများဝန်ကြီးဌာနမှ လေယာဉ်တစ်စင်းသည် ကယ်ဆယ်ရေး ပစ္စည်းများကို တင်ဆောင်လျက် ဆိုက်ပရပ်သို့ တနင်္လာနေ့တွင် ထွက်ခွာမည်ဖြစ်ကြောင်း ယူကိုဗန်ကိုက ပြောကြားသည်။

အစ္စရေး-လက်ဘနွန် စစ်ရေးပဋိပက္ခကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရသူ ဒုက္ခသည် ၅၀၀၀၀၀ ခန့်အတွက် လူမှုရေးအကူအညီများ ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တစ်ဝန်းတွင် အပူလှိုင်း ကျရောက် အပူချိန်စံချိန်တင် မြင့်တက်ပြီး ဓာတ်အားပြတ်တောက်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ တစ်ဝန်းတွင် အပူလှိုင်းကျရောက်လျက်ရှိရာ အပူချိန်မှာ စံချိန်တင်ရလောက်အောင် မြင့်တက်ခဲ့ပြီး နေရာဒေသအချို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ကယ်လီဖိုးနီးယားပြည်နယ်ရှိ အိမ်ခြေပေါင်း၁၀၀၀၀၀ခန့်မှာဇူလိုင် ၂၃ရက်က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် တွေ့ကြုံရသည်။

နွေရာသီပူအိုက်ချိန်တွင်အပူသက်သာလေ့ရှိသော ဆန်ဖရန်စစ္စကို၌ပင်သီတင်းပတ်အကုန်ရက်က အပူချိန်မှာ စံချိန်တင်ခဲ့သည်။ ထိုနေ့က ဘေးစီတီရပ်၏ အပူချိန်သည် ၈၇ ဒီဂရီဖာရင်ဟိုက်ရှိသည်။ နွေကာလတွင် ပူပြင်းလေ့ရှိသည့် ပမ်းစပရင်းအရပ်နှင့် စန်ဖာနန်ဒိုဘယ်လီအရပ်များမှာ အပူဒဏ်ကို သာမန်ထက်ပို၍ ခံကြရသည်။ ဝုဒ်လင်းဟီးဒ်ဒေသတွင် အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်သို့ ရောက်နေသည်မှာ ၁၈ရက်ဆက်တိုက်ပင်ဖြစ်သည်။

စံချိန်တင်

ကယ်လီဖိုးနီးယားပြည်နယ်ပမ်းစပရင်းအရပ်တွင် အပူချိန်သည် ၁၂၂ ဒီဂရီအထိ စံချိန်တင်မြင့်တက်ခဲ့သည်။ လေအေးပေးစက်များ သုံးစွဲမှု များပြားလှသဖြင့် ဓာတ်အားပေးစနစ် မနိုင်မနင်းဖြစ်ကာ တနင်္ဂနွေနေ့က ယင်းပြည်နယ်သား ၈၀၀၀၀၀ တို့သည် ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံခဲ့ရသည်။

လော့စ်အိန်ဂျလိစ်မြို့အနီးရှိ စန်ဖာနန်ဒိုဘယ်လီအရပ်တွင်မူ အပူချိန်သည် ၁၁၀ ဒီဂရီအထိရှိခဲ့သည်။ နိုင်ငံမြောက်ပိုင်းရှိ စကရာမင်တိုဒေသတွင် အပူချိန်မှာ ၁၀၉ ဒီဂရီရှိပြီး ရက်ဘလပ်ဖ်စတော့ဂ်တန်နှင့် မိုဒက်စတိုအရပ်များ၏ အပူချိန်သည် ၁၁၂ ဒီဂရီအထိ ပြင်းထန်ခဲ့သည်။

မစ်ဇူရီနှင့် အီလီနွိုက်ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသည့်အိမ်ခြေ ၇၅၀တို့မှ မိသားစုများကို ကြက်ခြေနီအဖွဲ့က စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇူလိုင် ၂၂ရက်က ကနေရီကျွန်းစုရှိ ဖာတီဗန်တူရာကျွန်းတွင် ကျင်းပသော ၂၀၀၆ခုနှစ် လှိုင်းလျှောစီး ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲအတွက် လေ့ကျင့်နေသူများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အမေရိကန်နိုင်ငံတွင် အပူလှိုင်းကျရောက်လျက်ရှိရာ ချီကာဂိုမြို့ မီလီနီယမ်ပန်းခြံ၏ ရေပန်းရှေ့တွင် အပူသက်သာစေရန် ကြိုးစားနေသူများကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နိုင်ငံရှိ ပါကစ္စတန်နိုင်ငံသားများအား ကယ်ထုတ်နိုင်ရန်ကြိုးပမ်း

အစ္စလမ္မာဘတ် ဇူလိုင် ၂၃

ပါကစ္စတန်အစိုးရသည် လက်ဘနွန်နိုင်ငံရှိ ပါကစ္စတန်နိုင်ငံသား ၅၀၀ခန့်ကို ကယ်ထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဂျီအီးအိုရုပ်မြင်သံကြားဌာနက စနေနေ့တွင် သတင်းထုတ်လွှင့်သည်။ တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် လက်ဘနွန်နိုင်ငံရှိ ပါကစ္စတန်နိုင်ငံသားများကို တစ်သုတ်ပြီး တစ်သုတ်ပြန်လည် ခေါ်ယူလျက်ရှိကြောင်း လက်ဘနွန်ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး အက်စ်မာအင်နီဆာက ပြောကြားသည်။

လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်ရှိ ပါကစ္စတန်သံရုံးသည် သံရုံးနှင့်ဆက်သွယ်နိုင်မည့် အရေးကြီးဖုန်းနံပါတ်များကို ယင်းနိုင်ငံရှိ ပါကစ္စတန်နိုင်ငံသားများထံ ဖြန့်ဝေပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဲအေရှလေကြောင်းလိုင်း ဘဏ္ဍာရေးအခြေအနေ ခိုင်မာ

စင်ကာပူ ဇူလိုင် ၂၃

စင်ကာပူနိုင်ငံရှိ အဲအေရှလေကြောင်းလိုင်းသည် ဘဏ္ဍာရေးအခြေအနေ ခိုင်မာလျက်ရှိနေသေးကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ဒေသဆိုင်ရာ ပြိုင်ဆိုင်မှုများရှိခဲ့သော်လည်း လုပ်ငန်းကျဆင်းမည်မဟုတ်ကြောင်း အမှုဆောင်အရာရှိချုပ်က ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။ မိမိတို့၏ ကုမ္ပဏီမှာ ယခင်ကထက် အခြေအနေတောင့်တင်းလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း စံချိန်တင်နိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ရှိ လုပ်ငန်းများမှာလည်း ထူးထူးခြားခြားအောင်မြင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အဲအေရှလေကြောင်းလိုင်းသည် လာမည့်ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ လေးဘီလီယံ နီးပါးတန်ဖိုးရှိ အဲဘတ်စ်-အေ ၃၂၀ လေယာဉ်သစ်အစင်း ၆၀ ဝယ်ယူရန် ယမန်နှစ်က စာချုပ်ချုပ်ဆိုခဲ့သည်။ လောင်စာဈေးနှုန်းမြင့်တက်လာခြင်း၊ မျှော်မှန်းထားသည့် အကျိုးအမြတ်လျော့နည်းလာခြင်း၊ ရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပမာဏများပြားလာခြင်းနှင့် စီးပွားပြိုင်ဘက်ကုမ္ပဏီများ၏ ခြိမ်းခြောက်မှု ကြီးမားလာခြင်းတို့ကြောင့် အဲအေရှလေကြောင်းလိုင်းသည် အောင်မြင်မှု ကျဆင်းလျက်ရှိကြောင်း စိစစ်ဝေဖန်သူများက သတိပေးထားသည်။ ***အင်တာနက်။***

အိမ်မွေးတိရစ္ဆာန်ဈေးကွက် တရုတ်ပြည်၌ ကျယ်ပြန့်လာ

ပေကျင်း ဇူလိုင် ၂၃

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကြွယ်ဝချမ်းသာလာသော မြို့သူမြို့သားဦးရေ များပြားလာသည့် တရုတ်နိုင်ငံတွင် အိမ်မွေးတိရစ္ဆာန်ဈေးကွက် ကျယ်ပြန့်လာကြောင်း ဇူလိုင် ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

စိတ်ဝင်စား

တရုတ်နိုင်ငံတွင် အိမ်မွေးတိရစ္ဆာန်ဈေးကွက် ကျယ်ပြန့်လာခြင်းနှင့်အတူ ယင်းဈေးကွက်၌ ရင်းနှီးမြှုပ်နှံရန် ပြည်တွင်းသာမက ပြည်ပရင်းနှီးမြှုပ်နှံသူများပါ စိတ်ဝင်စားလာသည်။ တရုတ်နိုင်ငံ၏ တစ်ဦးကျ ဂျီဒီပီ (ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး)မှာ အမေရိကန်ဒေါ်လာ ၃၀၀၀ ထက်ကျော်လွန်လာရာ ကြွယ်ဝချမ်းသာလာသော နိုင်ငံသားများသည် အပန်းဖြေနားနေချိန်များ ပိုမိုရရှိလာပြီး အိမ်မွေးတိရစ္ဆာန်များကို မွေးမြူရန် ပိုမိုနှစ်သက်လာကြသည်။

တရုတ်နိုင်ငံတွင် ယခုအခါ အိမ်မွေးတိရစ္ဆာန်ကောင်ရေ သန်း ၁၀၀ ထက်မနည်းရှိကြောင်း၊ သုတေသနလေ့လာချက်အရ သိရှိရသည်။ ခွေးများ၊ ကြောင်များ၊ အလှမွေးငါးများနှင့် အခြားသော တိရစ္ဆာန်များရောင်းချသည့် ဈေးကွက်မှာ တစ်စစ ကြီးထွားလာနေကြပြီး တစ်နှစ်လျှင် ယွမ်ငွေ ၁၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ) ရှိသည့် လုပ်ငန်းကြီးဖြစ်လာသည်။ ***အင်တာနက်။***

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယမန်နေ့တွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃)သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများအား အဆင့်အတန်းခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ ASIA WOOD ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းသန်းမြင့်က စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နိုင်ငံခြားသို့ တင်ပို့ရန် ဆောက်လုပ်ထားသော အိမ်ပုံစံနှင့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှု၊ လွှသွေးခန်းနှင့် သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါ စက်ရုံမှ ထွက်ရှိလာသည့် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာ ပရိဘောဂပစ္စည်းများကို စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၅)ရှိ United Wood Industries ကုမ္ပဏီ လီမိတက် သစ်အချောထည် စက်ရုံသို့ ရောက်ရှိရာ စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်က စက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့် လွှသွေးစက်ခန်း၊ ပရိဘောဂပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ နိုင်ငံခြားတင်ပို့မည့် ပရိဘောဂများ ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံမှ ထွက်ရှိလာသည့် ဥယျာဉ်သုံး ပရိဘောဂများ၊ ရေချိုးခန်းသုံး ပရိဘောဂများနှင့် ကြမ်းခင်းအမျိုးမျိုးတို့ကို ဘယ်ဂျီယံ၊ ဟော်လန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် အီလလီနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ရုံးချုပ် အစည်းအဝေးခန်းမ၌ ဗိုလ်တထောင်မြို့နယ်နှင့် သာကေတမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ ASIA WOOD Co., Ltd သစ် အချောထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ကျောင်းလေဝေးဝေး မူးယစ်ဆေး

မိဘများအားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဒေါ်အုန်းကြည် သား၊ သမီး၊ မြေးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၁၀ သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာနေ သိမ့်နီလာ (၁၅)နှစ် ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာ နိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ငွေကြေးပစ္စည်း ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်း ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၆)ဆင်းပွဲကို ဇူလိုင် ၂၄ရက်က ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ပူတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်း သင်တန်းဆင်း အမှာစကားပြောကြားသည်။ သင်တန်းထူးချွန်ဆု ပထမဆုရ လှည်းကူးမြို့နယ်ရုံးခွဲမှ အငယ်တန်းစာရေး ဦးလင်းနောင်ဦး**(ဝဲပုံ)**၊ ဒုတိယဆုရ ရေတာရှည်မြို့နယ်ရုံးခွဲမှ အငယ်တန်းစာရေး ဒေါ်မျိုးမျိုးဝင်းနှင့် တတိယဆုရ တောင်ကြီးမြို့ရုံးခွဲမှ အငယ်တန်းစာရေး ဒေါ်နီလာမြင့်တို့အား ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) ဦးအောင်မြင့်ထွန်းက ဆုများချီးမြှင့်သည်။ သင်တန်းသား ၃၆ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်ခဲ့သည်။ (၃၂)

ဧရာဝတီတိုင်း မင်္ဂလာတရားတော်ပြန့်ပွားရေးအဖွဲ့နှင့် ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)တို့ ပူးပေါင်း၍ (၅၇)ကြိမ်မြောက် (YMBA) မင်္ဂလာစာမေးပွဲ ဂုဏ်ထူးရှင်များ ဆုနှင်းသဘင်ပွဲကို ဇူလိုင် ၁၇ ရက်က ပုသိမ်မြို့ တိုင်းသာသနာ့ဗိမာန်၌ ပြုလုပ်ရာ မြန်မာတစ်ပြည်လုံး ဂုဏ်ထူးဆင့်(ပထမဆု)ရ မဆုဇင်ဇင်စိုး (အလက-၁၊ ပုသိမ်)အား ဧရာဝတီတိုင်း တရားသူကြီး ဦးသန်းမြိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၃)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ဆက်လက်ပျိုးထောင်ထားရှိမှုကို ဇူလိုင် ၂၁ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အမက(၁၇)တွင် ဇူလိုင် ၁၆ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးရင်၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ အမှိုက်ကင်းစင်ရေး ကျောင်းဆိုင်းဘုတ်တင်ကြစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထုထည်ကြီးမား ထင်ရှားဧကန် ဓမ္မရုံ
၇း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာ အနုပညာရေးရာ
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ရေပျော်ငှက်တို့ နားခိုရာ
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ (အပိုင်း-၃)
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	Sunday Talk
၉း၅၅	ဝါသနာရှင်စင်မြင့်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	Music Gallery (ယင်းမာ-ကလေးသီချင်းများ)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ရန်ကုန်-ကျောက်ဖြူလမ်းမကြီးဖွင့်ပွဲ (အပိုင်း-၁)
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	IT နည်းပညာနှင့် နက္ခတ်ဗေဒပညာ ပူးပေါင်းဆောင်ရွက်မှုအကြောင်း (အပိုင်း-၁)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဇူလိုင် ၂၄ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H. E. Mr. Liu Ping အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၅

(၃၉)ကြိမ်မြောက် အာဆီယံ အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ Syed Hamid Albar ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၆ခုနှစ် ဇူလိုင် ၂၄ရက်မှ ၂၈ရက်အထိကျင်းပမည့် (၃၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ ဒေသဆိုင်ရာဆွေးနွေးပွဲ(အေအာရ်အက်ဖ်)၊ အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပါဝင်တက်ရောက်

အထက်ပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမြင့်အောင်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်း၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအုန်းချို၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ သံမှူးကြီး ဦးဝင်းမြင့်၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် ဌာနစုမှူး ဦးဇော်နိုင်ဝင်းတို့ပါဝင်တက်ရောက်ကြမည် ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းဆုံ၌ မိုးရေကြောင့်တိုက်စားသွားသောလမ်းအား ကတ္တရာကွန်ကရစ်ဖြင့် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကြေးမုံ အင်တာနက်သတင်း

ဂျပန်နိုင်ငံ၏ အဏုမြူဓာတ်အားပေးစက် ပင်လယ်ရေရှူများ ဒုက္ခပေး

တိုကျို ဇူလိုင် ၂၄

ဂျပန်နိုင်ငံ ရှီဇူအိုကာပြည်နယ်ရှိ ဟာမာအိုကာ အဏုမြူဓာတ်အားပေးစက်ရုံ၏ အအေးခံစနစ်တွင်အသုံးပြုသော ရေငင်ပိုက်များ၌ ရေရှူများဖြင့် ပိတ်ဆို့သွားသည့်အတွက် ထုတ်လုပ်မှုအင်အားကို နာရီအတန်ကြာလျှော့ချခဲ့ရကြောင်း စက်ရုံမှတာဝန်ရှိသူများက ပြောကြားသည်။

အအေးခံစနစ်

အဏုမြူဓာတ်အားပေးစက်၏ အအေးခံစနစ်ကို ပင်လယ်ရေများ စုပ်သွင်းပြီး အအေးခံရသည်။ ယင်း ရေသွင်းပိုက်များမှာ ရေရှူကောင်များဖြင့် အထွေးလိုက်ပိတ်ဆို့သွားသည့်အတွက် ဓာတ်ပေါင်းဖိုကိုအအေးခံရာ၌ အခက်အခဲရှိသဖြင့် ဓာတ်ပေါင်းဖို၏ စက်အင်အားကို လျှော့ချလိုက်ရခြင်းဖြစ်သည်။

ဟာမာအိုကာ အဏုမြူဓာတ်အားပေးစက်ကို ဓာတ်ပေါင်းဖိုနှစ်လုံးအသုံးပြုကာ လည်ပတ်နေခြင်းဖြစ်သည်။ ရေငင်ပိုက်များ ပိတ်သွားသည့်အတွက် အအေးခံစနစ်သို့ ရေသွင်းနေသော အပိုင်းမှာ အလိုအလျောက် ရပ်ဆိုင်းသွားခဲ့သည်။

ထိုချွတ်ယွင်းချက်ကို ပြင်ဆင်နေစဉ် သုံးနာရီခန့်အချိန်အတွင်း စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားကို ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိလျှော့ချခဲ့ရသည်။ ရေရှူများပိုက်တွင်ပိတ်၍ အခက်အခဲဖြစ်ရသောကိစ္စမှာ ထိုစက်ရုံအတွက် ပထမဆုံးကြုံတွေ့ရသော ကိစ္စပင်ဖြစ်သည်ဟု စက်ရုံပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယခင်အခါများက တိုက်ဖုန်းမုန်တိုင်းကြောင့် ပင်လယ်တွင်းမျောပါလာသော အပျက်အစီးအစအနများ ရေငင်ပိုက်ကိုပိတ်ခဲ့သည့် အဖြစ်များကြုံခဲ့ရစဉ်ကလည်း ဓာတ်အားပေးစက်ကို ခေတ္တထုတ်လုပ်မှုလျှော့ချခဲ့ရဖူးသည်။

ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းခြေဒေသတွင် ရေရှူများဒုက္ခပေးသဖြင့် ငါးဖမ်းလုပ်ငန်းများလည်း အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ထိုရေရှူပြဿနာသည် ဒေသဆိုင်ရာစီးပွားရေးကို ထိခိုက်သဖြင့် အစိုးရကဖြေရှင်းရန်နည်းလမ်းရှာလျက်ရှိသည်။ ***အင်တာနက်။***



အဏုမြူဓာတ်အားပေးစက်ရုံရှိ အအေးခံစနစ်၏ ရေငယ်ပိုက်တွင် ပိတ်ဆို့စေခဲ့သော ရေရှူမျိုးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်မြို့တော်အတွင်း လမ်းများပြုပြင်မှုအခြေအနေ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၆နာရီခွဲတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းဆုံသို့ရောက်ရှိပြီး ကုန်သည်လမ်းမကြီးတစ်လျှောက် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်နေမှုအခြေအနေ၊ ဒေါပုံမြို့နယ် ယမုံနာလမ်းနှင့် မင်းနန္ဒာလမ်းဆုံအနီး မင်းနန္ဒာလမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာဖြင့် လမ်းသားပြုပြင်ဖာထေးနေမှု၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးနှင့် သံသုမာလမ်းဆုံအနီး လေးထောင့်ကန်လမ်း ၀ဲ/ယာ ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းသားပြုပြင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးညီညီနှင့် ဦးလှအေးတို့က သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ယခုနှစ်မိုးရာသီအတွင်း ဆောင်ရွက်နေမှုလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်က တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။ (၁၉)

ပညာရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးဓမ္မာရုံ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီး ဒေါက်တာစန္ဒာအောင်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၂ ရက်က အသင်းစုရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၁၁၅၄၀၀ ကို ဝန်ထမ်းများကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မြသိန်းအား ပေးအပ်စဉ်။ (၅၃၅)

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း၌ စင်သုံးစင် ဆိုင်းဘုတ်ထူပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက်ကကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့် ကျောင်းအုပ်ဆရာကြီးဦးလှရီတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၆၁)

အလင်းစခန်းနဲ့ အလင်းလမ်း(၁)

ရဲတနာစည်ဆရာတော်
(သွှိုင်လင်)

(က)

၇-၇-၂၀၀၆ရက်နေ့ ည ၈နာရီ။

မြန်မာ့ရုပ်မြင်သံကြား ဖန်သားပြင်ဝယ် နိုင်ငံ့သရဖူဟု ဆိုအပ်သည့် ရွှေတိဂုံစေတီတော် ပုံတူပြကွက်နှင့်အတူ အချိန်ပြ မင်္ဂလာတီးလုံးအပြီး လင်းလက်သော သတင်းတစ်ကွက် ထုတ်လွှင့် ပြသပုံကို ကြည့်ရှုကြရ၏။ အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းလာကြသူ အလင်းဘက်တော်သားများ အကြောင်း။

(ခ)

“နိုင်ငံတော်အစိုးရ၊ ပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် စေတနာ မှန်ကို နားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **(SSA-S)** ရှုက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ် အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး မိန်းစင်ဦးစီး အင်အား ၈၄၈ဦးသည် ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ရက်တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာ ကြကြောင်း”

သတင်းကြေညာသံနှင့်အတူ ဗီဒီယိုရိုက်ချက်ပြကွက်များ တစ်ကွက်ပြီး တစ်ကွက် ရုပ်သံဖန်သားပြင်မှာ ပေါ်ထွက်လာ လျက်ရှိ၏။ လက်နက်ကြီး/ငယ် မျိုးစုံကိုင်ဆောင်ကာ တန်းစီ ရပ်နေကြသော ရာပေါင်းများစွာရှိ လက်နက်ကိုင်များ၏ရုပ်လွှာ များ၊ ၎င်းတို့၏မျှော်လင့်ချက်ဆန္ဒပြည့်မျက်နှာများ၊ အလင်း မျက်ဝန်းများ။

“ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ၌ ၎င်းတို့နှင့်အတူ လက်နက်ကြီး မျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ တစ်သိန်းငါးသောင်း ခုနစ်ထောင့်ကိုးရာခုနစ်ဆယ့်တစ်တောင့် (၁၅၇၉၇၁တောင့်)၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀တို့ကို ယူဆောင် လာကြသည်”

သတင်းဖတ်ကြားသံ နားစိုက်ရင်း၊သတင်းပြကွက်ကို မျက်စိ စိုက်ရင်း ရင်တွင်းတလှိုက်လှိုက်ခံစားကြရသူများထဲတွင် တိုက်ရိုက် ဆက်စပ်ဒေသများ ဖြစ်ကြသော ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ရှိ ဒေသခံများကား အခံစား ရဆုံး၊ ဝမ်းအသာရဆုံး ဖြစ်လျက်ရှိတော့၏။

“မိန်းစင်ဦးစီးအဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဦးစီးသော တာဝန်ရှိသူများက လှိုက်လှဲဝမ်းသာစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့အပြင် တိုင်းမှူးက ၎င်းတို့အဖွဲ့ နေထိုင်လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပြည့်စုံစွာစီစဉ်ဆောင် ရွက်ပေးသည်”

ပြကွက်က ပြောင်းသွား၏။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ခန်းမအတွင်း တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာကြသည့် တပ်မဟာ (၇၅၈)မှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားရင်း နိုင်ငံတော်၏ လတ်တလောချီးမြှင့်ငွေကျပ်သိန်း ၃၀၀ ပေးအပ်ပုံများ၊ နှစ်ဦးနှစ်ဖက် နွေးထွေးလက်တို့ သိုင်းယှက် နှုတ်ဆက်ပုံများ။

“ယခုကဲ့သို့ အမြင်မှန်၊အသိမှန်ဖြင့် အလုံးအရင်းနှင့် ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့်အတွက် အေးချမ်း သာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသော ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)ရှိ တိုင်းရင်းသား မျိုးနွယ် အားလုံး ပြည်သူတစ်ရပ်လုံးနှင့်တကွ တပ်မတော်ကပါ ချစ်ချစ် ခင်ခင် နွေးနွေးထွေးထွေး ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြသည်”

အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းရောက်ရှိ လာကြသူများနှင့် အလင်းစခန်းမှ အလင်းပန်းဖြင့် ဝမ်းပန်းတသာ ကြိုဆိုကြသူ ပြည်သူများ၏ ခံစားချက် ရုပ်လွှာများပါပေ။

သတင်းကြေညာချက်ရော သတင်းပြကွက်ပါ ပြီးဆုံးသွား သော်လည်း မပြီးနိုင်၊ မဆုံးနိုင်၊ မသုဉ်းနိုင်၊ မဆိတ်နိုင် ဖြစ်ကျန်ရစ်ခဲ့သည့်ရလဒ်မှာ တိုက်ရိုက်ဆက်စပ်ဒေသများဖြစ်သည့် လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ တောင်ကြီးခရိုင် ဒေသခံတို့၏ အားရဝမ်းသာ ဖရဏာပီတိများပင်ဖြစ်၏။ တစ်နေရာနှင့် တစ်နေရာ၊ တစ်မြို့နှင့် တစ်မြို့ ချက်ချင်းဖုန်းဆက်ကာ သတင်း

တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များအား လဲချားမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ ဝမ်းပန်းတသာ ကြိုဆိုကြစဉ်။

တုံ့လှယ်ခဲ့ကြ၏။ နောက်တစ်နေ့နံနက်၌လည်း လက်ဖက်ရည် ဆိုင်များ၊ ဈေးများ၊ လူစည်ကားရာ အရပ်များမှာ ယင်းသတင်းကိုပင် အားရဝမ်းသာ ပြောဆိုကြရင်း သတင်း၏ မုဒိတာရနံ့ကို ရှိုက်မဝ ဖြစ်ကြရကုန်၏။ ဤတိုက်ရိုက်ဆက်စပ်ဒေသ အပါအဝင် တစ်နိုင်ငံ လုံးရှိ ပြည်သူများအဖို့ အားရဝမ်းသာ လှိုက်လှဲစွာဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသို့ တအိအိ တသိမ့်သိမ့် ခံစားကြရသည်မှာ မပြီးနိုင်၊ မဆုံးနိုင်၊ မသုဉ်းနိုင်၊ မဆိတ်နိုင်ကြပါကုန်ပြီ။

အဘယ့်ကြောင့်ပါနည်း။ ယင်းသတင်းသည် **“နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး”**ဟူသော နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်ကို တိုက်ရိုက်ကောင်းကျိုးပြုသတင်းဖြစ်ခြင်း၊ တပ်မတော် အစိုးရ၏ စေတနာအောင်ပွဲ၊ မေတ္တာအောင်ပွဲသတင်းဖြစ်ခြင်း၊ အလင်းစခန်း သို့ အလင်းလမ်းမှ လျှောက်လှမ်းလာသူများ၏ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထုတ်ဖော်ပွဲသတင်းဖြစ်ခြင်း၊

ဒေသခံပြည်သူများ ကျီးလန့်စာစား
ဖြစ်ခြင်းတို့ကြောင့်ပေတည်း။

(ဂ)

ဦးမိန်းစင်ဦးစီး အင်အား ၈၄
တို့နှင့်အတူ ဥပဒေဘောင်အတွင်း
သည့် သတင်းနှင့်ပတ်သက်၍ ယင်း
အလိုလောက်ဝယ် နိုင်ငံတော်က
ပြည်နယ် ဘားအံမြို့အစိုးရကွန်ပျူ
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင်
မိန့်ခွန်းပြောကြားခဲ့ပုံကို ဆက်စပ်သုံး
ယင်းအဖွင့်မိန့်ခွန်းသည် အလင်းတ

“လက်နက်ကိုင် ဆူပူသောင်း
ဒေသခံပြည်သူများ မလုံခြုံ မငြိမ်းချမ်
နေခဲ့ရသည်များ၊ အသက်အိုးအိမ်
ခဲ့ရသည်များ၊ တရားဥပဒေ စိုး
အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစ
အဖုံဖုံ ခံစားခဲ့ရသည်များ စသည့် အနိ
နေခဲ့သည်ဆိုတာ ဒေသခံပြည်သူမျာ

“အစွန်အဖျားကျသည့်
စာသင်ကျောင်းတွေလည်းပျက်စီး၊
၏ကြားမှာ ဒေသခံပြည်သူတွေ
ကြောင့် တိုင်းရင်းသား ကလေးသူ
တက်စာသင်နိုင်သည့် အခြေအနေမ
ထူထောင်ပေးထားသည့် ပညာရေးစန
ခဲ့ရသည့်အခြေ ရောက်ခဲ့ရပါကြော

ကျေးရွာတစ်ရွာရှိ မိသားစုတစ်စုဝယ် သားနှစ်ဦးရှိလျှင် တစ်ဦးကိုလာဆွဲသွား၏။ တစ်
ယင်းတစ်ဦးတည်းကို လာဆွဲသွား၏။ စာမသင်ရ၊ ပညာမသင်ရ၊ အင်အားကို အဝ
တစ်ဦးမျှမရှိလျှင် အစားထိုး ငွေအဓမ္မတောင်းခံ၏။ မပေးမနေရ၊ ပြီးလျှင် ဆွဲလာသူ လူငယ်
တောလမ်း တောင်လမ်း လျှိုမြောင်လမ်းများမှ နယ်စပ်အထိ ခေါ်ဆောင်ကာ စခန်းသွင်းထ
တမယ် ကျွေး၊ မမွဲရုံတမယ် ပေးထား၏။ စာကိုသင်မပေး၊ ပညာကိုသင်မပေးချေ။ လုံးဝခ
အမှောင်ချထားလေ၏။ အမှောင်ထဲမှာ ပေးထားသည်ကတော့ နှစ်ခုသာရှိ၏။ တစ်ခုက လ
ကျန်တစ်ခုက လူမျိုးမုန်းတီးရေး ဖြစ်လေ၏။

ယင်းလက်နက်နှင့် လူမျိုးမုန်းတီးရေးကို ဆင်ယင်ပေးကာ အတွင်းပိုင်းသို့ပြန်လွှတ်ပြီး
ဘိန်းခွန်ကောက်ခိုင်း၊ ဆက်ကြေးတောင်းခိုင်း၊ ဓားပြတိုက်ခိုင်း၊ လူသတ်ခိုင်း ခိုင်းလေ
ခိုင်း၊ချောင်းပစ်ခိုင်း၊လက်နက်ပြမိုက်ခိုင်း ခိုင်းလေ၏။ အကယ်၍ တပ်မတော်စစ်ကြောင်းနှင့်
လျှင် အရှုံးကို ပိုက်လျက်သာ ထွက်ပြေးရလေ့ရှိ၏။ ဤသည် မငြိမ်းချမ်းသေးသော ဒေ
ဖြစ်ရပ်မှန်များပေတည်း။

(25-7)08.P65 1 5/25/32, 10:18 AM

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) ရှုက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးအဖွဲ့အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ဒေသခံပြည်သူများ ကျီးလန့်စာစားဘဝမှ လွတ်မြောက်ပွဲသတင်း ဖြစ်ခြင်းတို့ကြောင့်ပေတည်း။

(၈)

ဦးမိန်းစင်ဦးစီး အင်အား ၈၄၈ ဦး၊ လက်နက်ခဲယမ်းမျိုးစုံ တို့နှင့်အတူ ဥပဒေဘောင်အတွင်း အလုံးအရင်းဝင်ရောက်လာကြသည့် သတင်းနှင့်ပတ်သက်၍ ယင်းသတင်းမပေါ်ထွက်မီ တစ်လခန့် အလိုလောက်ဝယ် နိုင်ငံတော်က တည်ဆောက်ပေးသော ကရင်ပြည်နယ် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ်ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ကာ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပုံကို ဆက်စပ်သုံးသပ်ကြည့်သင့်သည်ထင်ပါ၏။ ယင်းအဖွင့်မိန့်ခွန်းသည် အလင်းတရား၏ အလင်းစကားဖြစ်၏။

"လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံ မငြိမ်းချမ်းသည့် ဘဝမှာ ကျီးလန့်စာစားနေခဲ့ရသည်များ၊ အသက်အိုးအိမ်စည်းစိမ် လက်လွတ်ဆုံးရှုံးခဲ့ရသည်များ၊ တရားဥပဒေ စိုးမိုးမှုကင်းမဲ့ပြီး အနိုင်ကျင့်မှု အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစည်းခံခဲ့ရသည်များ၊ ဆင်းရဲဒုက္ခအဖုံဖုံ ခံစားခဲ့ရသည်များ စသည့် အနိဋ္ဌာရုံမြင်ကွင်းများသာ ပြည့်နှက်နေခဲ့သည်ဆိုတာ ဒေသခံပြည်သူများ အသိဆုံးပင်ဖြစ်ပါကြောင်း။

"အစွန်အဖျားကျသည့် ကျေးရွာဒေသတွေမှာဆိုလျှင် စာသင်ကျောင်းတွေလည်းပျက်စီး၊ ဆူပူသောင်းကျန်းမှုများ၏ကြားမှာ ဒေသခံပြည်သူတွေ ပြေးလွှားပုန်းအောင်းနေခဲ့ရခြင်းကြောင့် တိုင်းရင်းသား ကလေးသူငယ်များသည်လည်း ကျောင်းတက်စာသင်နိုင်သည့် အခြေအနေမရှိတော့ဘဲ နိုင်ငံတော်အစိုးရက ထူထောင်ပေးထားသည့် ပညာရေးစနစ်တစ်ခုလုံး လုံးဝပျောက်ကွယ်ခဲ့ရသည့်အခြေ ရောက်ခဲ့ရပါကြောင်း"

ကိုလာဆွဲသွား၏။ တစ်ဦးတည်းရှိလျှင်
ရ၊ အင်အားကို အဓမ္မစုဆောင်း၏။
းလျှင် ဆွဲလာသူ လူငယ်လူရွယ်များကို
ဆောင်ကာ စခန်းသွင်းထား၏။ မငတ်ရုံ
ကိုသင်မပေးချေ။ လုံးဝဆိုလုံးဝမှ လုံးဝ
ခုသာရှိ၏။ တစ်ခုက လက်နက်ဖြစ်ပြီး

တွင်းပိုင်းသို့ပြန်လွှတ်ပြီး ဘိန်းစိုက်ခိုင်း၊
 လူသတ်ခိုင်း ခိုင်းလေ၏။ ဖုံးထောင်
ပ်မတော်စစ်ကြောင်းနှင့် ရင်ဆိုင်တွေ့
ငြိမ်းချမ်းသေးသော ဒေသအချို့တို့၏

အောက်လက်ငယ်သားတို့အပေါ် ယင်းကဲ့သို့ စည်းမဲ့ကမ်းမဲ့ တရားမဲ့ ခိုင်းချင်သလို ခိုင်းနေသော်လည်း သောင်းကျန်းသူခေါင်းဆောင်ပိုင်းမှာကား တစ်ဖက်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းတွေ ထူထောင်၊ ဘိန်းပွဲစားလုပ်၊ မူးယစ်ဆေးထုတ်လုပ်၊ ရသမျှဖြင့် လောက၏စည်းစိမ်ဟူသမျှ ဇိမ်ခံ၊ ကိုလိုနီနယ်ချဲ့လက်သစ်အနောက်ဆရာကြီးတွေထံမှာ မျက်နှာချိုသွေး စသည်စသည်တို့ဖြင့်သာ အချိန်ကုန်ပြီး တကယ့်တကယ် လူမျိုးကောင်းစားရေး ဘာတစ်ခုမျှ မလုပ်ဆောင်နိုင်။ တကယ့်တကယ် ပြည်နယ်ဖွံ့ဖြိုးရေး ဘာတစ်ခုမျှ မလုပ်ဆောင်နိုင်။ လမ်းတစ်ဖာလုံ၊ ကျောင်းတစ်ခန်း၊ တံတား ၁၀ပေမျှပင် တည်ဆောက်မပေးနိုင်ချေ။ ကာလကြာညောင်း နှစ်ပေါင်း ၄၀ ကျော်လာသော်လည်း ဒေသအတွက်၊ လူမျိုးအတွက်၊ ပြည်နယ်အတွက် ကောင်းကွက်တစ်ကွက်မျှ မဖော်ဆောင်နိုင်ဘဲ အဖျက်အမှောင့်တို့ကိုသာ မိုက်ကန်းစွာ လုပ်ဆောင်လျက်ရှိသည်။

ယင်းညွှန်းဆိုချက်သည် သောင်းကျန်းမှုမချုပ်ငြိမ်းသေးသော ကရင်ပြည်နယ်ဒေသအချို့၊ ရှမ်းပြည်နယ်ဒေသအချို့နှင့် ကယားပြည်နယ်ဒေသအချို့တို့မှ ဖြစ်ရပ်မှန်များ၏ ထင်ဟပ်ချက်ဖြစ်၏။ ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ လက်နက်ကိုင်သောင်းကျန်းသူ SSA-S ရှုက်ဆစ်အဖွဲ့ ရှိနေသေးသဖြင့် အထက်ပါ ထင်ဟပ်ချက်အတိုင်းသာ ပုံပေါ်လျက်ရှိနေသေး၏။

ကျေးရွာတစ်ရွာရှိ မိသားစုတစ်စုဝယ် သားနှစ်ဦးရှိလျှင် တစ်ဦးကိုလာဆွဲသွား၏။ တစ်ဦးတည်းရှိလျှင် ယင်းတစ်ဦးတည်းကို လာဆွဲသွား၏။ စာမသင်ရ၊ ပညာမသင်ရ၊ အင်အားကို အဓမ္မစုဆောင်း၏။ တစ်ဦးမျှမရှိလျှင် အစားထိုး ငွေအဓမ္မတောင်းခံ၏။ မပေးမနေရ၊ ပြီးလျှင် ဆွဲလာသူ လူငယ်လူရွယ်များကို တောလမ်းတောင်လမ်း လျှိုမြောင်လမ်းများမှ နယ်စပ်အထိ ခေါ်ဆောင်ကာ စခန်းသွင်းထား၏။ မငတ်ရုံတမယ်ကျွေး၊ မမွဲရုံတမယ်ပေးထား၏။ စာကိုသင်မပေး၊ ပညာကိုသင်မပေးချေ။ လုံးဝဆိုလုံးဝမှ လုံးဝ အမှောင်ချထားလေ၏။ အမှောင်ထဲမှာ ပေးထားသည်ကတော့ နှစ်ခုသာရှိ၏။ တစ်ခုက လက်နက်ဖြစ်ပြီး ကျန်တစ်ခုက လူမျိုးမုန်းတီးရေး ဖြစ်လေ၏။

ယင်းလက်နက်နှင့် လူမျိုးမုန်းတီးရေးကို ဆင်ယင်ပေးကာ အတွင်းပိုင်းသို့ပြန်လွှတ်ပြီး ဘိန်းစိုက်ခိုင်း၊ ဘိန်းခွန်ကောက်ခိုင်း၊ ဆက်ကြေးတောင်းခိုင်း၊ ဓားပြတိုက်ခိုင်း၊ လူသတ်ခိုင်း ခိုင်းလေ၏။ ဖုံးထောင်ခိုင်း၊ချောင်းပစ်ခိုင်း၊လက်နက်ပြမိုက်ခိုင်း ခိုင်းလေ၏။ အကယ်၍ တပ်မတော်စစ်ကြောင်းနှင့် ရင်ဆိုင်တွေ့လျှင် အရှုံးကိုပိုက်လျက်သာ ထွက်ပြေးရလေ့ရှိ၏။ ဤသည် မငြိမ်းချမ်းသေးသော ဒေသအချို့တို့၏ ဖြစ်ရပ်မှန်များပေတည်း။

အောက်လက်ငယ်သားတို့အပေါ် ယင်းကဲ့သို့ စည်းမဲ့ကမ်းမဲ့ တရားမဲ့ ခိုင်းချင်သလို ခိုင်းနေသော်လည်း သောင်းကျန်းသူခေါင်းဆောင်ပိုင်းမှာကား တစ်ဖက်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းတွေ ထူထောင်၊ ဘိန်းပွဲစားလုပ်၊ မူးယစ်ဆေးထုတ်လုပ်၊ ရသမျှဖြင့် လောက၏စည်းစိမ်ဟူသမျှ ဇိမ်ခံ၊ ကိုလိုနီနယ်ချဲ့လက်သစ် အနောက်ဆရာကြီးတွေထံမှာ မျက်နှာချိုသွေး စသည်စသည် တို့ဖြင့်သာ အချိန်ကုန်ပြီး တကယ့်တကယ် လူမျိုးကောင်းစားရေး ဘာတစ်ခုမျှ မလုပ်ဆောင်နိုင်။ တကယ့်တကယ် ပြည်နယ်ဖွံ့ဖြိုးရေး ဘာတစ်ခုမျှမလုပ်ဆောင်နိုင်။ လမ်းတစ်ဖာလုံ၊ ကျောင်းတစ်ခန်း၊ တံတား ၁၀ပေမျှပင် တည်ဆောက်မပေးနိုင်ချေ။ ကာလကြာညောင်း နှစ်ပေါင်း ၄၀ ကျော်လာသော်လည်း ဒေသအတွက်၊ လူမျိုးအတွက်၊ ပြည်နယ်အတွက် ကောင်းကွက်တစ်ကွက်မျှ မဖော်ဆောင်နိုင်ဘဲ အဖျက်အမှောင့်တို့ကိုသာ မိုက်ကန်းစွာ လုပ်ဆောင်လျက်ရှိသည်။

"နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်သည့် လက်နက်ကိုင် သောင်းကျန်းမှုဒဏ်သည် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးကို မလုံခြုံမငြိမ်းချမ်းမှု၊ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးရမှု၊ အေးချမ်းစွာပရိယေသနဝမ်းစာရှာဖွေ မစားသောက်နိုင်မှု၊ စွမ်းအားရှိသလောက် မဖွံ့ဖြိုးနိုင်မှု စသည့် အနိဋ္ဌာရုံ ဝဲသြဃထဲမှ ရုန်းမထွက်နိုင်အောင် ချုပ်နှောင်ထားဆဲပဲ ရှိသေးကြောင်း"

"လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်း အကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူ ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ အနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရပြီဆိုသည့် မိမိတို့၏ ပကတိအခြေအနေမှန်ကို နားလည်သိရှိသင့်သည့် အချိန်အခါ ရောက်ရှိနေပြီဖြစ်ပါကြောင်း"

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲ၊ ၁၀-၆-၂၀၀၆

ယင်းသို့သော ပကတိအခြေအနေမှန်ကို အပြန်ပြန်အလှန်လှန် အဖန်ဖန်အထပ်ထပ်သုံးသပ်ရင်း ကြည်လင်သောအမြင်ဖြင့် အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းရန်ပြင်ဆင်နေကြသူများထဲတွင် ယခု ဦးမိန်းစင် ဦးစီး ၈၄၈ ဦးတို့သည်ကား အလင်းစခန်းသို့အရောက် အလုံးအရင်းနှင့် ဝင်ရောက်လာနိုင်ကြသူများအဖြစ် အလင်းသမိုင်းသစ် တင်နိုင်ကြလေပြီ။ နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ ဒေသအကျိုး၊ ပြည်နယ်အကျိုး ဆတက်ထမ်းပိုး တိုး၍ တိုး၍ သယ်ပိုးနိုင်ကြပေတော့မည်။

၎င်းတို့နည်းတူ အလင်းစခန်းသို့ မှန်းကြည့်နေကြသူများ၊ အလင်းလမ်းထိပ်ရောက်နေကြသူများသည်လည်း အခွင့်သာဆဲ ခြေလှမ်းကျဲဖြင့် သဲသဲသွက်သွက်လှမ်း အောင်ပန်းဆွတ်ချူ အရယူနိုင်ရေး ပြည်သူအပေါင်းက အားပေးနေကြပါကုန်သတည်း။

အလင်းစခန်း၊ အလင်းလမ်း၊ လျှောက်လှမ်းလာကြပြီ
ဖက်လဲတကင်း၊ တံ့လှယ်ရင်း၊ ရင်တွင်းသိမ့်ခါပြီ
ရှမ်းအိုးစည်သံ၊ ဗေထုံည်၊ နဘံဟိန်းဟိန်းမြည်
ဝင်လာမစဲ တသဲသဲ သူလဲလာဦးမည်။

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်း သုဝဏ္ဏသိင်္ဂိဓမ္မရိပ်သာကျောင်းတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးနန္ဒောဘာသနှင့် ဦးဥတ္တမ(သုဝဏ္ဏသိင်္ဂိ)တို့က ဩဂုတ် ၃ ရက်မှ ၁၂ ရက်ထိ ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များ ဟောကြားပြသမည်ဖြစ်သဖြင့် တရားစခန်းဝင်မည့် ယောဂီများ ဖုန်း-၅၇၂၃၉၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်

၂၅-၇-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၆။ အကပြိုင်ပွဲ
၈း၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Let's Go.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
– ဒုတိယနှစ်
(ဓာတုဗေဒအထူးပြု)
(ဓာတုဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၅ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
၅း၂၅ ၇။ **"ဆွေမျိုးတော်ပေမယ့်" ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ) (ဒါရိုက်တာ-သက်တင်)**
၅း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။အတီးပြိုင်ပွဲ
၆း၄၅ ၁၂။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၇း၀၀ ၁၃။**နိုင်ငံခြားဇာတ်လမ်းတွဲ "ဇူလိုင်နံနက်ခင်း" (အပိုင်း-၁၂)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အိပ်မက်လှလှ" (အပိုင်း-၁၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

➪ ချင်းပြည်နယ်မှ

အထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖြစ်သည့် ကွန်ပျူတာခန်း၊ အင်္ဂလိပ်ဘာသာစကားလေ့ကျင့်ခန်း၊ Audio Visual Room နှင့် အိမ်တွင်းမှု၊ လက်မှုပန်းချီပြခန်း၊ ဘုရားခန်း၊ သိပ္ပံခန်း၊ စာကြည့်ခန်း တို့၌ ကျောင်းသားကျောင်းသူများ လက်တွေ့ပညာဆည်းပူးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးရာ ကျောင်းအုပ်ဆရာကြီး ဦးပါရစ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက်ကျောင်းခန်းမ၌ ဒုတိယပိုင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသားကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများအတွက် အလှူရှင်ဦးလျန်ထန်းက ငွေကျပ် ၃၀၀၀၀၀ကို တွဲဖက်လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းအတွက်စာရေးကိရိယာနှင့်အားကစားပစ္စည်းများကို လည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်သာအေးက ကျောင်းဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ကျောင်းအတွက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပရင်တာတစ်လုံးနှင့်တိုင်းမှူးဗိုလ်ချုပ်သာအေးက ကွန်ပျူတာနှစ်စုံကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မတူပီမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်လှစ်နိုင်မှုနှင့်စပ်လျဉ်း၍ ကျောင်းအကျိုးတော်ဆောင် ဦးလျန်ထန်းက ရှင်းလင်းတင်ပြပြီး တွဲဖက်လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မတူပီမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့်တင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းအုပ်ဆရာကြီးနှင့်ပညာရေးဝန်ထမ်းများအား ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ရေရှည်အသုံးပြုသွားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ကိုင်တွယ်အသုံးပြုနိုင်အောင် စီစဉ်သင်ကြားပေးရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ကျောင်းသားမိဘ ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

မတူပီဆေးရုံစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာန၊ အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်များကို ကြည့်ရှုကာ ဆေးရုံတက်လူနာများအား နှုတ်ဆက်အားပေး၍ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံတွင်း၌ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း စိုက်ပျိုးထားရှိသော လက်ဖက် ၃ဒသမ ၅ဧကကို ကြည့်ရှုစစ်ဆေးပြီး လက်ဖက်ပင်များ စီးပွားဖြစ်စိုက်ပျိုးသွားရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက မြို့နယ်အတွင်း စပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ လက်ဖက်နှင့် ခရမ်းချဉ်သီးခြောက်(?) —

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအခြေအနေ၊ နွားနောက်မွေးမြူမှု အခြေအနေနှင့် ပညာရေး၊ ကျန်းမာရေးနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းက မင်းတပ်ခရိုင်၏ ဒေသဆိုင်ရာ အခြေအနေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး မှာကြားရာတွင် မိမိအနေဖြင့် မင်းတပ်–မတူပီလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရင်း ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းစီမံပေးရန်ဖြစ်ကြောင်း။

အထူးသဖြင့် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်လာစေရန် ဌာနဆိုင်ရာများအပါအဝင် အားလုံးကဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဒေသဝမ်းစာဖူလုံမှုရရှိအောင် စပါးစိုက်ပျိုးမှုကိုအလေးထားတိုးချဲ့သွားရန်လိုကြောင်း၊ လက်ဖက်စိုက်ပျိုးခြင်းကိုလည်း ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟူသော ဦးတည်ချက်ကို မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ မြေလွတ်များစွာရှိနေသည်ဖြစ်ရာ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းကိုလည်း တစ်ဆက်တည်းလုပ်ဆောင်ရန်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့ ပြည်သူ့ဆေးရုံတွင် လူနာများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

အခွင့်အလမ်းရှိ

မတူပီမြို့နယ်အနေဖြင့် ယခုအခါ မင်းတပ်–မတူပီကတ္တရာလမ်းကို ဖွင့်လှစ်ပြီးဖြစ်ရာ ဒေသအသီးသီးသို့ ဆက်သွယ်သွားရောက်၍ ကူးသန်းရောင်းဝယ်နိုင်ကြပြီဖြစ်ရာ မိမိတို့၏ပြည်နယ်ဒေသဝမ်းစာဖူလုံရန် ဆန်စပါးတိုးချဲ့စိုက်ပျိုးရေးသာမက နှစ်ရှည်သီးနှံ သရက်၊တညင်း၊ပိန္နဲစသည်တို့ကိုပါစိုက်ပျိုး၍ စီးပွားဖြစ်ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်းများရရှိလာကြပြီဖြစ်ကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်တာဝန်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်၏ဦးတည်ချက်ဖြစ်သော လက်ဖက်ပြည်နယ်ဖြစ်ရေးကိုအလေးထား၍ မိမိတို့၏ရုံးဌာန မြေလွတ်မြေလပ်များတွင် လက်ဖက်ပင်များကို စံနမူနာပြစိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြည်နယ်ကျန်းမာရေးအတွက် ဆေးဝါးနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရီအုပ်ထံသို့လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား အသီးသီးထောက်ပံ့ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စံနမူနာပြစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ စိုက်ပျိုးထားရှိသော လက်ဖက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ နယ်မြေခံတပ်ရင်း၏ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်က ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ လက်ဖက် ဧက ၁၀၀ စိုက်ပျိုးရန်လျာထားဆောင်ရွက်မှုနှင့် လက်ဖက်ပင်ရေ ၁၀၀၀၀၀ကျော် ပျိုးထောင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်ကို လျာထားသတ်မှတ်ထားသော ဧက ၁၀၀ ထက်ကျော်လွန်အောင် စိုက်ပျိုးရန်နှင့် လက်ဖက်ခြောက်စက်ရုံ တည်ပေးမည်ဖြစ်၍ ဒေသခံပြည်သူများပါ အတုယူနိုင်အောင် စံနမူနာပြစိုက်ခင်းအဖြစ် စိုက်ပျိုးသွားကြရန်မှာကြားပြီး နယ်မြေခံတပ်ရင်း၏ လက်ဖက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်း၏ သင်တန်းသားအိပ်ဆောင်ကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းကျောင်းရှိ တိုင်းရင်းသားလူငယ်သင်တန်းသားများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း သင်တန်းတာဝန်ခံ ဦးဟုန်းအွမ်ထံ အသီးသီး ထောက်ပံ့ပေးအပ်သည်။

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း၏ လက်ဖက်ပင် ၂၅၀၀၊ မက်မန်းပင် ၄၀၊ ငှက်ပျောပင် ၁၀၀နှင့် ထောပတ်ပင် ၅၀ စိုက်ခင်းကို လည်းကောင်း၊ ငါးကြင်း အကောင် ၂၀၀ မွေးမြူရေးငါးကန်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာအဆောက်အအုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းဆောင်၌ အပ်ချုပ်သင်တန်းနှင့် သိုးမွှေးထိုးသင်တန်းများမှ သင်တန်းသူ၄၀ တို့ လက်တွေ့သင်ကြားပေးနေမှုတို့ကို သင်တန်းတာဝန်ခံ ဒေါ်မြရီက လိုက်လံရှင်းလင်းပြသသည်။

ချီးမြှင့်ထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသူ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံနှင့် ဆရာမများထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ ဘုန်းတော်ကြီး ကျောင်းသို့သွားရောက်၍ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒအမှူးပြုတော်မူသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒနှင့် ဆရာတော် သံဃာတော်များအား အလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ယူနေကြသော ကျောင်းသားများအတွက် အထွေထွေအသုံးပြုရန် လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ခွာရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကျောင်း၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဘုံတလာရေအားလျှပ်စစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဘုံတလာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဗိုလ်မှူးရဲထွင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လျှပ်စစ်ဓာတ်အားပေးစက်များ တပ်ဆင်ခြင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းလုပ်ငန်းသို့ ဆက်သွယ်သွားလာသောလမ်းကို ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ရေး၊ သတ်မှတ်ထားသောအချိန်အတွင်း လျှပ်စစ်ဓာတ်အား ရရှိအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုမှာကြားပြီး ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘုံတလာရေအားလျှပ်စစ်စီမံကိန်းသည် လည်မျိုမြစ် မြစ်ဖျားခံရာ ဘုံတလာရေတံခွန်မှ ရေကို ရေလွှဲတမံ ကွန်ကရစ်မြောင်းအရှည်ပေ ၅၅၅၀ဖြင့်လွှဲယူကာ ရေစစ်ကန်မှတစ်ဆင့်ရေထိန်းကန်အတွင်းသို့ သိုလှောင်ရယူပြီး ဖိအားမြှင့်သံမဏိပိုက်လိုင်း အရှည်ပေ ၄၈၀ဖြင့် ရေအားလျှပ်စစ်ထုတ်ယူမည့် ကီလိုဝပ် ၂၅၀ Francis Turbine (Modols HL 160 WJ-42) စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဖြစ်သည်။

ယခုအခါ ရေလွှဲကန်၊ အနည်စစ်ကန်၊ ရေထိန်းကန်နှင့် ဓာတ်အားပေးစက်ရုံတို့မှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ဖိအားမြှင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း ၇၀ရာခိုင်နှုန်းပြီးစီးကာလုပ်ငန်းပမာဏအားလုံး၏ ၈၈ဒသမ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုံတလာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်မှ မတူပီမြို့သို့ ပြန်လည်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင်ရောက်ရှိကြသည်။ (သတင်းစဉ်)

တိုင်းမှူးပိုလ်မှူးချုပ်လှရွှေဝင်းနှင့် ဝန်ကြီးပိုလ်မှူးချုပ်လွန်းသီ အင်းစိန်မြို့နယ် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၁၀၉) ဖွင့်ပွဲသို့ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၁၀၉) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံအနီးရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစန်းလွင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာဦးသိန်းဌေးက လိုက်လံရှင်းလင်း ပြသသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် (၁၀၉)ဖွင့်ပွဲတွင်မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကိုကြည့်ရှုစစ်ဆေးကြပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ယခုအခါ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အသစ်များကို ဖွင့်လှစ်ခဲ့ရာ ဆိုင်အဟောင်းနှစ်ဆိုင်အပါအဝင် စုစုပေါင်း ၁၉ ဆိုင် ရှိသွားပြီဖြစ်ပြီး နောက်ထပ်လည်း ဆိုင်အသစ်များကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါဆိုင်များမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄ နာရီပတ်လုံး အကန့်အသတ်မရှိ လိုသမျှရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ ပိုင်ကျောင်းဆောင်အတွက် ဇူလိုင် ၁၆ ရက်က ပြည်မြို့နေ ဒေါ်မြသန်း (ရွှေစွန်ညို ရောင်းဝယ်ရေး)မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် ဒေါ်ကေသက်မော်ကအလှူငွေလက်ခံရယူပြီးကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒကဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းမည်

၂၀၀၆ခုနှစ် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် အောင်လံမြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားနည်းနေသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၅ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) **၂၃-၇-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) **၂၄-၇-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း **၂၄-၇-၂၀၀၆**

နေပူသည့်နာရီပေါင်း ၂ ဒသမ ၄ နာရီခန့် **၂၃-၇-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၇-၂၀၀၆	၀ဒသမ၂၀လက်မ	၀ဒသမ၂၀လက်မ	၀ဒသမ၂၄လက်မ
၁-၁-၂၀၀၆မှ ယနေ့အထိ	၄၈ဒသမ၈၄လက်မ	၅၉ဒသမ၁၃လက်မ	၆၄ဒသမ၈၅လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၇-၂၀၀၆ နေ့၁၄း၂၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မအူပင်စက္ကူစက်ရုံ စစ်ဆေး ဈေးကွက်ဝင် စက္ကူများ ထုတ်လုပ်ရေး မှာကြား

ရန်ကုန် ဇူလိုင် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၂၃ ရက်တွင် မအူပင်မြို့နယ် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၏ မအူပင် စက္ကူစက်ရုံသို့ရောက်ရှိ၍ ပျော့ဖတ်ထုတ်လုပ်သည့်ဌာနနှင့် စက္ကူထုတ်လုပ်မှုဌာန၌ စက္ကူထုတ်လုပ်မှု၊ အခြောက်ခံမှုအဆင့်ဆင့်၊ ထွက်ရှိလာသော စက္ကူလိပ်တို့ကိုလည်းကောင်း၊ အချောကိုင်ဌာန၌ စက္ကူအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း၊ စက္ကူများဖြတ်တောက်ပြီး ထုပ်ပိုးနေမှုလုပ်ငန်း၊ ရုံးသုံးစက္ကူများ၊ မိတ္တူကူးစက်သုံးစက္ကူများကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ဝင် စံချိန်စံညွှန်းကိုက်ညီသည့် စက္ကူများထုတ်လုပ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျရေး၊ ဈေးကွက်သို့ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးကိုလေးက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှု၊ စက်ရုံအတွက် ကုန်ကြမ်းများဝယ်ယူသိုလှောင်ထားရှိမှု၊ လျာထားချက်များနှင့် အညီ စက္ကူကုန်ချောထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ရေး၊ ထုတ်လုပ်သော စက္ကူများ အရည်အသွေး မြင့်မားသထက်မြင့်မားအောင် နည်းလမ်းများရှာကြံပြီး ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် တိုင်းစိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များအား မိုးလေဝသအခြေအနေကြောင့် စိုက်ပျိုးပြီးမိုးစပါးများ မပျက်စီးအောင် ကြိုတင်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များကို ကွင်းဆင်း၍ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မအူပင်စက္ကူစက်ရုံ၏ စက္ကူထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာ/ဆည်မြောင်း)

နေပြည်တော်လေဆိပ်နယ်မြေ ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်လေဆိပ်နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၉၁၅ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေတို့အား လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းအားလည်းကောင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် တာဝန်ပေးအပ်ကြသည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် နေပြည်တော်လေဆိပ်အဝင်လမ်း၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်မိသားစုဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့နေ ဒေါက်တာခင်သက်မော်နှင့် ဒေါက်တာမြင့်ဝင်း မောင်နှမတို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ)ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းအတွက် အလှူငွေ ကျပ် ၅၀၂သိန်းငါးသောင်းကို လှူဒါန်းခဲ့ပြီး ယခု မဟာသိမ်တော်ကြီးတွင် ဘုရားတည်ရန် ကျပ်သိန်း ၄၀နှင့် အလုံမြို့နယ်မှ ကွယ်လွန်သူ တူမ မသူဇာသန့်အတွက် ရည်စူး၍ ဆွမ်းပဒေသာပင်ငွေကျပ် ၁၀သိန်းတို့ကို ၎င်းတို့ကိုယ်စား အလုံမြို့နယ်မှ ဒေါ်သန်းသန်းဌေးနှင့် သား ကိုအောင်အောင်တို့က ဇူလိုင် ၂၀ ရက်တွင် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၉)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ် (၁၉/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ ယာဉ်မောင်းသင်တန်းကို ယနေ့မှစ၍ စက်တင်ဘာ ၁ ရက်အထိ ရက်သတ္တ ခြောက်ပတ်ကြာ သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပရာ ကွမ်းခြံကုန်းမြို့ စာသင်တိုက်ကြီး ငါးတိုက်မှ ဆရာတော်ကြီး ငါးပါးကြွရောက်သည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ကွမ်းခြံကုန်းအသင်း (ရန်ကုန်)နာယကများ၊ ဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့် အမှုဆောင်များ၊ အသင်းသူ၊အသင်းသားများ၊မြို့နယ်သူ၊ မြို့နယ်သားများ၊ မိတ်သင်္ဂဟများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်း စာသင်တိုက်ကြီးမှ ဆရာတော် ဦးသုန္ဒရသီရိက ငါးပါးသီလချီးမြှင့်သည်။ အဆိုပါ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဘဏ္ဍာရေးမှူး ဦးကြိုင်မြင့်က ဆောင်ရွက်၍ လှူဒါန်းရခြင်းအကြောင်းကို ဥက္ကဋ္ဌ ဦးကျော်ခိုင်က ရှင်းလင်းလျှောက်ထားသည်။ အသင်းတွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးမြင့်သူနှင့် ဇနီး ဒေါ်ခင်မာလွင် မိသားစုတို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး အတွက် စမ်းချောင်းမြို့ မင်္ဂလာလမ်းနေ ဦးမြလှိုင်-ဒေါ်နီလာမောင်၊ သမီး ထက်ဝေလှိုင်၊ သား ဟိန်းသာကျော် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ပအားကစား သတင်းများ

ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနို အင်တာမီလန်တွင် ဆက်လက်ရှိနေမည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၄

ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုသည် ၎င်း၏ အီတလီကလပ်အသင်းဖြစ်သော အင်တာမီလန်တွင် ဆက်လက်ရှိနေမည်ဟု တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အက်ဒရီယာနိုသည် လွန်ခဲ့သည့်နှစ် ဘောလုံးရာသီတွင် အင်တာမီလန်အသင်း၌ ပါဝင်ကစားခဲ့ရာ၌ စိတ်ပျော်ရွှင်မှုမရှိခဲ့ဟု ဆိုသည်။

ထွက်ခွာမည်မဟုတ်

ဘရာဇီးလက်ရွေးစင်အသင်းအတွက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နှစ်ဂိုးသွင်းပေးခဲ့သူ အက်ဒရီယာနိုသည် အင်တာမီလန်အသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း သတင်းထောက်များအား ပြောကြားသည်။

ဆက်လက်ရှိနေမည်

အခြားသောအသင်းများက မိမိအား ခေါ်ယူရန် ကမ်းလှမ်းကြသည့်အတွက် မိမိကျေနပ်မိကြောင်း၊ သို့ရာတွင် အင်တာမီလန်၌ပင် မိမိဆက်လက်ရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဘရာဇီးတိုက်စစ်မှူး

ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနို။ *(ဓာတ်ပုံ-အင်တာနက်)*



ဘောလုံးကစားခြင်းကို စွန့်လွှတ်မည်မဟုတ်ဟုဆိုသူဆိုးလ်ကမ်းဘဲလ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံပြင်ပတွင် ဘောလုံးကစားမှု ဆက်လက်ပြုလုပ်လိုကြောင်း ဆိုးလ်ကမ်းဘဲလ်ပြော

လန်ဒန် ဇူလိုင် ၂၄

အာဆင်နယ် နောက်တန်းလူအဖြစ်ကစားခဲ့သူ ဆိုးလ်ကမ်းဘဲလ်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်လာရန် ကြိုးပမ်းနေသည်ဆိုသော ကောလာဟလသတင်းများ ပေါ်ထွက်နေမှုကို ၎င်းက ပယ်ချလိုက်ကြောင်း၊ ကမ်းဘဲလ်သည် ဗြိတိန်နိုင်ငံပြင်ပတွင် ဆက်လက် ဘောလုံးကစားရန်လိုလားသည်ဟု ၎င်းက အခိုင်အမာ ပြောကြားကြောင်း ဇူလိုင် ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မိမိသည် အင်္ဂလန်တွင် ဘောလုံးကစားခဲ့မှုမှာ ကာလအတန်ကြာပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်ကာလအတွင်း အာဆင်နယ်အသင်းအတွက်ကစားခဲ့ကြောင်း၊ ယင်းသို့ကစားရာတွင် အောင်မြင်မှုများကိုလည်းရရှိခဲ့ကြောင်း အသက် ၃၂ နှစ်ရှိ ကမ်းဘဲလ်က ပြောကြားသည်။

ကမ်းဘဲလ်သည် ၎င်း၏အနာဂတ်ရေးနှင့်ပတ်သက်၍ မီဒီယာများ၏ ထင်ကြေးပေး ရေးသားနေမှုများကို ဆက်တိုက် တွေ့ကြုံခဲ့ရပြီးနောက် ကောလာဟလသတင်းများ ပေါ်ထွက်နေမှုအတွက် စိတ်ပျက်လျက်ရှိသည်ဆို၏။

ကမ်းဘဲလ်သည် အထူးသဖြင့် ဆုကြေးစား ဘောလုံးသမားလောကမှ အနားယူတော့မည်ဆိုသော ကောလာဟလသတင်းများကို ငြီးငွေ့လျက်ရှိသည်။

မိမိသည် ပင်လယ်ရပ်ခြားနိုင်ငံတစ်နိုင်ငံသို့သွားရောက်ကာ ဘဝသစ်ကို ပြန်စလိုကြောင်း၊ ဘောလုံးကစားခြင်းကိုမူ ဆက်လက်ပြုလုပ်နေမည်သာ ဖြစ်ကြောင်း ကမ်းဘဲလ်က ပြောကြားသည်။ ***အင်တာနက်။***

စီးရီးအေတွင် ကစားရန်ဆန္ဒရှိသူ တိုက်စစ်မှူး ဟာနန်ခရက်စပို။
(ဓာတ်ပုံ-အင်တာနက်)

စီးရီးအေတွင်ကစားရန် ဟာနန်ခရက်စပိုလိုလား

လန်ဒန် ဇူလိုင် ၂၄

မိမိသည် အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားလိုခြင်းကြောင့် ချယ်လ်ဆီးအသင်းမှ ထွက်ခွာသွားရန် ဆန္ဒရှိကြောင်း အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ဟာနန်ခရက်စပိုက ပြောကြားကြောင်း ဇူလိုင် ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ခရက်စပိုသည် အီတလီသတင်းစာတစ်စောင်နှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ခရက်စပိုသည် ချယ်လ်စီးဥက္ကဋ္ဌ ရိုမန်အေဘရာမိုဗစ်အား လေးစားမိပုံကို ကနဦးပြောကြားခဲ့ပြီး အီတလီသို့သွားရောက်ကာ ဘောလုံးကစားလိုသော ၎င်း၏ဆန္ဒကို နေအိမ်တွင် ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းတွင် ပျော်မွေ့အောင် မိမိကို အေဘရာမိုဗစ်က ပြုမှုဆက်ဆံကြောင်း၊ နေအိမ်တစ်လုံးနှင့် ပုဂ္ဂလိက ဂျက်လေယာဉ်တစ်စင်းပေးရန်ပင် မိမိအား ကမ်းလှမ်းခဲ့ကြောင်း၊ သို့ရာတွင် ငွေကြေးနှင့်အောင်မြင်မှုကို ခွဲခွဲခြားခြားနားလည်ရမည်ဖြစ်ကြောင်း ခရက်စပိုက ပြောကြားသည်။ ***အင်တာနက်။***

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

အားကစားဝန်ကြီးဌာနသို့ ပန်ကာ ၆၀ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၄

ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Dr.Kim Jung Ho နှင့်အဖွဲ့က မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းသို့ လှူဒါန်းခဲ့သည့် လျှပ်စစ်ပန်ကာ ၆၀ အား မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းမှ အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီက မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းမှ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ လျှပ်စစ်ပန်ကာများ ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ကြေးမုံ)

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦး၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ ဗိုလ်မှူးချုပ်ဟံစိန်နှင့် ရန်ကုန်တပ်နယ်၊ သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၃ သင်းတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၆ရက် နံနက် ၈နာရီမှ ၁၁နာရီထိ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌ကျင်းပမည်ဖြစ်ရာ အသင်းသားများအား ကြွရောက်ရန်ဖိတ်ကြားထားကြောင်းနှင့် တစ်ဦးချင်းအနေဖြင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလိုပါက ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀၊ ဦးရဲလှမြတ် ဖုန်း-၀၉၅၀၁၆၃၈၆၊ ဦးရဲမြင့် ဖုန်း-၀၉၅၁၃၀၂၄၅နှင့် ဦးမောင်မောင်စိန် ဖုန်း-၀၉၅၀၀၄၉၀၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်းနေ ဒေါ်ကြင်စိန်မိသားစုနှင့် ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၁၀၀၄၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ အကြဲပေးပုဂ္ဂိုလ် ဦးအုံမောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဇူလိုင် ၁၉ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်၌ပြုလုပ်သည့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နဝမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဦးဟိုစွမ်-ဒေါ်အေးအေးမူ ဘုန်းဟန်ရှော်ရွှေဆိုင် ဗိုလ်ချုပ်အောင်ဆန်းဈေးမိသားစုက မြို့နယ် သံဃနာယက ဘဒ္ဒန္တမဏ္ဍလထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆) ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၁ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၈ရက်မှ ၃၀ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၁ရက်အထိ Bargain and Auction **စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။**

ဝယ်ယူလိုသူများသည် ဩဂုတ် ၂၆ရက်မှစတင်၍ သတ်မှတ် မှတ်ပုံတင်ကြေးနှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်း လုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဩဂုတ် ၁ရက်မှ ၁၆ရက်အတွင်း လာရောက်အပ်နှံနိုင်ကြောင်း သိရှိရသည်။

ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခ အဖြစ်လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ (နိုင်ငံခြားငွေဖြစ်ပါက ၁ ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေ ဖြစ်ပါက ၃ရာခိုင်နှုန်းကို ကော်မရှင်ခအဖြစ်လည်းကောင်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရတနာခွန် ပေးဆောင်ခြင်းနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက် အမှတ်(၂၄/၂၆)(ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃၊ ၃၇၀၅၆၁ နှင့် မြန်မာအင်ပီရီရယ်(လ်) ဂျိတ်(ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက် အမှတ်(၂၄/၂၆) (ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၂၇၊ ၃၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က မနောသုခခန်းမ၌ ကျင်းပခဲ့ပြီး ဝန်ထမ်းမိသားစု ၆၃ ဦးအား ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၂၅၆၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဝန်ထမ်းမိသားစုဝင်တစ်ဦးအား ထောက်ပံ့ကြေး ပေးအပ်စဉ်။

(က-ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဩဂုတ် ၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးနှင့်အတူ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းဝင် အမျိုးသမီးများ၏ ဈေးရောင်းပွဲတော်ကိုလည်း နံနက် ၈ နာရီမှ ညနေ ၈နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ညစာစားပွဲအတွက် အသင်းဝင်များက ကြိုတင်လက်မှတ်များ ဝယ်ယူ၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်လျက် မိုးရာသီ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် အသင်းဝင်များနှင့်လူမှုရေးအသင်းအဖွဲ့များက မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက်ရှိ အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်းအား အတွင်း၊ အပြင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ပန်းတနော်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၆ရက် မွန်းလွဲ ၁နာရီ၌ အသင်းတိုက်တည်နေရာ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၁၇၃၊ ၁၇၅)တွင် ကျင်းပမည်ဖြစ်ရာ မြောက်ဥက္ကလာမြို့နယ် ပန်းတနော်ကျောင်း ဆရာတော်၊ သံဃာတော်များအား ကပ်လှူမည်ဖြစ်သည်။ မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်မိသားစုများကြွရောက်ပါရန်နှင့် ပါဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

ထို့ပြင် နှစ်စဉ်လှူဒါန်းမြဲဖြစ်သော ပန်းတနော်မြို့ရှိ စာသင်တိုက်များရှိ သံဃာတော်များကိုလည်း ဩဂုတ် ၁၃ရက် (တနင်္ဂနွေနေ့)တွင် သွားရောက်လှူဒါန်းမည်ဖြစ်ပါ၍ လိုက်ပါကုသိုလ်ပါဝင်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

လှူဒါန်း

မိဘ ဦးအုန်းလွင်-ဒေါ်မိမိရီ၊ မောင် ဦးဖုန်းလွင်တို့အားရည်စူး၍ အမှတ်(၂၄-ဘီ) ကမ္ဘောဇလမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ သမီးကြီး ဒေါ်မေမေထားနှင့် ညီမများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင်လက်ခံယူစဉ်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Pingဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန့်ရှင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂွမ်မူးလည်း တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး H.E Mr. Liu Ping ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်လာစေရန် ဝိုင်းဝန်းကြိုးပမ်း ဒေသဝမ်းစာဖူလုံမှုရရှိအောင် စပါးစိုက်ပျိုးမှုကို အလေးထားတိုးချဲ့ မြေလွတ်များစွာရှိနေရာ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းကိုလုပ်ဆောင်

နေပြည်တော် ဇူလိုင် ၂၄

ချင်းပြည်နယ် မတူပီမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဝန်ကြီးဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၂၁ရက် နံနက်ပိုင်းတွင် မတူပီမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေသိန်းနှင့် ချင်းပြည်နယ်တွဲဖက် လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က မတူပီမြို့ အမှတ်(၂) အခြေခံပညာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨

ယနေ့မိုးလေဝသ

၂၅–၇–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။